**ဦးလှိုင်မြင့်သန်း ( မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် – ၁ )**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကျန်းမာချမ်းသာကြစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ မင်းလှမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊ လယ်လှကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မင်းလှမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊ လယ်လှကျေးရွာတွင် ၁၉၈၃ ခုနှစ်တွင် စာသင်ဆောင်(၁)ဆောင် (၉၀ ပေ × ၂၇ ပေ)၊ ၂၀၀၈ ခုနှစ်တွင် (၇၂ ပေ × ၁၈ ပေ) မူလွန်ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ပြီး ကလေးများ ပညာသင်ကြားလာခဲ့ရာ ယခုအခါတွင် ကျေးရွာအိမ်ခြေမှာ(၃၈၀)ကျော်ခန့်နှင့် လူဦးရေမှာ(၁၇၀၀)ကျော်ခန့် ရှိလာပြီဖြစ်ပြီး လူဦးရေတိုးပွားလာသည်နှင့်အမျှ ကျောင်းသားဦးရေမှာလည်း (၂၅၂)ယောက်အထိတိုးပွားလာပြီး လက်ရှိကျောင်းဆောင်ဖြင့် ကျောင်းသားလေးများ စာသင်ရန် လုံလောက်မှုမရှိပါ။

ယခု ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းဖြင့် တိုးပွားလာမည့် ကျောင်းသားဦးရေအတွက် လုံလောက်သော ကျောင်းဆောင်ရရှိနိုင်ရန် ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။

ထိုလယ်လှကျေးရွာရှိ ကျောင်းသား/ကျောင်းသူလေးများ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေး လိုအပ်နေသော ကျောင်းဆောင်(၁)ဆောင်အား ဆောက်လုပ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊ လယ်လှကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသားစုစုပေါင်း(၂၅၂)ဦး၊ (၉၀×၂၇)ပေသွပ်မိုး၊ အုပ်ညှပ်(၁)ထပ်နှင့် (၇၂×၁၈)ပေ သွပ်မိုး၊ အုပ်ညှပ်(၁)ထပ် စုစုပေါင်း ကျောင်းဆောင်( ၂ )ဆောင်ရှိပါသည်။ လိုအပ်နေသော ကျောင်းဆောင်အား (၁၂၀×၃၀)ပေ Steel Structure (၁)ထပ် အသစ်ဆောက် လုပ်ပေးနိုင်ရန် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခေါင်းစဉ်အောက်မှ လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်စွမ်းရည် ( မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ် – ၂ )**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် “မင်းဘူး(စကု)မြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာ မြစ်ကမ်းနားသောင်စပ်တွင် စားဝတ်နေရေးအတွက် ရှန်းကန်နေထိုင်နေရသော ရေလုပ်သားများ ဖြစ်ကြသော

အိမ်ထောင်စု (၇၇)စု၊ လူဦးရေ (၂၉၂)ဦး၏ ပြန်လည်ထူထောင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မင်းဘူးမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော် ကုန်းကျေးရွာ မြစ်ကမ်းနားသောင်စပ်တွင် စားဝတ်နေရေးအတွက် ရေလုပ်ငန်းလုပ်ကိုင်၍ ရုန်းကန်နေထိုင် နေရသော အိမ်ထောင်စု (၇၇)စု၊ လူဦးရေ (၂၉၂) ဦးသည် နှစ်စဉ်နှစ်တိုင်း ရေကြီးနစ်မြုပ်သည့်အခါ ဝိုင်းပိုင် အိမ်ပိုင်မရှိ လေ့ပေါ်အိပ်၊ လှေ့ပေါ်စားဘဝဖြင့် အနှစ်(၄၀)ကျော် ဖြတ်သန်းနေရပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အဖက်ဖက်မှ နိမ့်ကျကာ လူတန်းစား ခွဲခြားခံနေနေရပါသည်။ ထိုသို့ နေနေရသည့် (၇၇)စု အိမ်ထောင်စုအတွက် နေထိုင်ရန် မြေနေရာရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စား လှယ်များနှင့် ကွင်းဆင်းကြည့်ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ (ပြည်ထောင်စု) တင်ပြတောင်းခံပြီး၊ ပြည်ထောင်စု လူကယ်ပြန်ဌာနမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ်၊ မေလ (၁၀) ရက် ရက်စွဲပါစာအမှတ်၊ ၁-၅/၂၁/၅၀၄၄ ဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး အကြောင်း ကြားစာ ပေးပို့ခဲ့ပါသည်။ သို့သော် ရေလုပ်သား(၇၇)၊ အိမ်ထောင်စုသည် မြေနေရာရရှိရန် လက်လွှတ်သွား မည်စိုးခြင်း၊ ကြန့်ကြာနေမှာ စိုးရိမ်သည့်အတွက်လည်းကောင်း၊ အိမ်ထောင်စု (၇၇)စုသည် ပတ်ဝန်းကျင်မှ ငွေတိုးပေးသည့်သူထံမှ အိမ်ထောင်(၁)စုလျှင် (၅)သိန်းကျပ်စီချေးယူ၍ သိန်း(၃၅၀)ကျပ်ဖြင့် မြေ(၈)ကေကို ဝယ်ယူထားပြီးဖြစ်သဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ထောက်ပံ့မှုပေးရန်၊ အကူညီပေးရန် မရှိ (မရှိကြောင်း) ပြန်ကြားလာသည်ကို သိရှိရပါ သည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် ၎င်းအိမ်ထောင်စု(၇၇)စုသည် မြေဝယ်ယူရန် ချေးယူထားသည့် ငွေကျပ် (၅)သိန်းကိုပင်၊ မိမိတို့ချွေးနည်းစာမှ ဖဲ့၍ အတိုးသတ်နေရခြင်း၊ စားဝတ်နေရေးကတစ်မျိုး ဖြစ်သဖြင့် မြေ ဝယ်ယူထားသော်လည်း အိုးအိမ်အတည်တကျ နေထိုင်ရန် အခက်အခဲများ ရှိနေပါသည်။ ၎င်းဝယ်ယူထား သော မြေယာအားလည်း အခြားနည်းသုံးစွဲခွင့်ကို တင်ပြထားပြီးဖြစ်ပါသည်။

အဆိုပါအိမ်ထောင်စု(၇၇)စုအတွက် လူကယ်ပြန်ဝန်ကြီးဌာနမှ ရွှေ့ပြောင်းစရိတ် တစ်အိမ်လျှင် ကျပ် (၁)သိန်းနှုန်း လူဦးရေအလိုက် ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ထောင်စုအလိုက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆)ရက်၊ စာအမှတ်၊ ၁-၅/ ၂၁/ ၉၈၁၄ဖြင့် ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးနေဝင်းမှ ပြန်ကြားထားသော်လည်း ယခုထိ မရရှိသေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ခါသည် မိုးရာသီကာလဖြစ်ပြီး ဧရာဝတီမြစ်ရေ တက်လာပါက ၎င်း အိမ်ထောင်စု(၇၇)စုသည် နေထိုင်ရန်အခက်အခဲများ ရှိနေပါသည်။ နှစ်စဉ်လည်း ဧရာဝတီမြစ်ရေ တက် သည့်အချိန်တွင် မင်းဘူး – မင်းလှ ကားလမ်းဘေးတွင် တဲထိုး၍ ရွှေ့ပြောင်းနေထိုင်ကြရပါသည်။ ယခုအခါ မြေဝယ်ယူထားပြီးဖြစ်သဖြင့် မိမိတို့ဝယ်ယူထားသည့် မြေပေါ်တွင် အိုးအိမ်ဆောက်လုပ်၍ နေထိုင်လိုကြပါ သည်။ သို့သော် အဖက်ဖက်ချို့တဲ့နေသည့်အတွက် မဆောက်လုပ်နိုင်ကြပါ။ နိုင်ငံတော်အစိုးရသည် ပြန်လည်ထူထောင်ရေးကာလဖြစ်ခြင်း၊ အဖက်ဖက်မှ လိုအပ်နေခြင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သည်လည်း အဖက်ဖက်မှ လိုအပ်ချက်များရှိနေသည့်ကြားမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက် နေသည်ကိုလည်း သိရှိပါသည်။ သို့သော် မိမိမဲပေးရွေးချယ်ထားသော အစိုးရသည် ပြည်သူများအတွက် မိဘ သဖွယ် အားကိုးရာ ဖြစ်ပါသည်။ အစိုးရအနေဖြင့်လည်း မိမိတိုင်း၊ ခရိုင်၊ မြို့နယ်အတွင်း ရွာငယ်

တစ်ရွာခန့် ရှိသည့် အိုးမဲ့အိမ်မဲ့ လူနေမှုဘဝနိမ့်ကျသည့် ပြည်သူလူထုကို ပြန်လည်ကြည့်ရှုပေးနိုင်ပါရန် တင်ပြအပ်ပါ သည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မင်းဘူး(စကု)မြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာမှ အိုးမဲ့အိမ်မဲ့ အိမ်ထောင်စု (၇၇)စုအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအနာဂတ် မျိုးဆက်များ၏ ဘဝရေ့ရေး ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်နိုင်ရန်၊ အိုးအိမ်ဖြင့် အတည်တကျ နေထိုင်နိုင်ရန် ဆောက်လုပ်နိုင်ရေးအတွက် တန်ဖိုးနည်းအိမ်ရာသော်လည်းကောင်း၊ ငွေကြေးထောက်ပံ့မှု အရသော်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ထောက်ပံ့ပေးသွားမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ နန်တော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာ မြစ်ကမ်းနားတွင် စားဝတ်နေရေးအတွက် ရေလုပ်ငန်းလုပ်ကိုင်နေကြသော အိမ်ထောင်စု(၇၇)စု၊ လူဦးရေ(၂၉၂)ဦးအတွက် နေထိုင်နိုင်ရန် မြေဧရိယာ(၈.၀၀)ကေခန့်ကို အိမ်ထောင်စု (၁)စုလျှင် ငွေကျပ်(၅)သိန်းနှုန်း၊ စုစုပေါင်း ငွေကျပ်သိန်း(၃၅၀)ဖြင့် ဝယ်ယူထားပြီး ၎င်းငွေအား ပေးချေနိုင်ရန် အခက်အခဲဖြစ်နေခြင်းအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှကွင်းဆင်းစိစစ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ရာ (၁၀.၈.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးမှတ်တမ်း အမှတ်စဉ်(၃၁/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် (၆၀)အရ လူနေထိုင်ရန် မြေဧရိယာ(၇.၆၇)ကေ ဝယ်ယူထားသော ငွေကျပ်သိန်း(၃၅၀) ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ခြင်း အစီအစဉ် မရှိသေးပါကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အကြောင်းပြန်ကြားခဲ့ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မင်းဘူး(စကု)မြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာ ရေလုပ်သားအိမ်ထောင်စု (၇၇)စုအတွက် အိမ်ပြောင်းရွှေ့ပါက အိမ်ပြောင်းရွှေ့စရိတ် (၁)အိမ်လျှင် ကျပ်(၁)သိန်းနှုန်းဖြင့် အိမ်ထောင်စု (၇၇)စုအတွက်(၇၇,၀၀,၀၀၀/-)၊ လူဦးရေ(၂၉၂)ဦးအတွက် ဆန်ရိက္ခာဖိုးငွေ(၆,၁၃,၂၀၀/-)၊ စုစုပေါင်းငွေကျပ် (၈၃,၁၃,၂၀၀/-)အား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်လွင် (ရေနံချောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ရေနံချောင်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင့်လွင်က မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ အားကစားကဏ္ဍနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြောင်းလဲချိန်တန်ပြီး ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက်  ပညာရေး၊ ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးရန် နိုင်ငံတော် ပြည်ထောင်စု ဘတ်ဂျက်သုံးစွဲရာတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ယခင်ကထက် ပိုမို

သုံးစွဲလာသည်ကို တွေ့ရှိရပါတယ်။ ယခင်က ပညာ ကျန်းမာကဏ္ဍကို (၈) ရာခိုင်နှုန်းခန့် သုံးစွဲခဲ့ရာမှ ယခု အခါ ပညာကျန်းမာကဏ္ဍကို (၁၄) ရာခိုင်နှုန်းသုံးစွဲနေကြောင်း တွေ့ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာ ကျန်းမာကဏ္ဍပြောကြားပါလျှင် အားကစားကဏ္ဍ မပါမဖြစ် ပါဝင်လာမှာ ဖြစ်ပါတယ်။ အားကစားကဏ္ဍ မတိုးတက်ပါလျှင် ပညာကျန်းမာကဏ္ဍ ဖွံ့ဖြိုးမှုမှာ ရေရှည်တွင် မတိုးတက်နိုင်ပါ။ ပညာကျန်းမာကဏ္ဍ များကို ပြည်ထောင်စုဘတ်ဂျက် တိုးမြှင့်သုံးစွဲနေချိန်တွင် တိုင်းဒေသကြီးဘတ်ဂျက်တွင် ပါဝင်သော အားကစားနှင့်ကာယပညာဦးစီးဌာန အသုံးစရိတ်မှာ(၀.၆၄)ရာခိုင်နှုန်းသာရှိပြီး လွန်စွာနည်းပါးလျက် ရှိကာ သမဝါယမဦးစီးဌာန အသုံးစရိတ် (၀.၈၇) ရာခိုင်နှုန်းထက်ပင် လျော့နည်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားကစား ကဏ္ဍသုံးစွဲမှုကို အခြားတိုင်းနှင့် ပြည်နယ်များနှင့် နှိုင်းယှဉ်ပါကလည်း နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါ တယ်။ သို့ပါသော်လည်း အားကစား ကဏ္ဍတိုးတက်မှုမှာ (၁၂)နှစ်အောက် လူငယ်တိုင်းနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲများ၊ (၁၈)နှစ်အောက် လူငယ်တိုင်းနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲများတွင် တိုင်းဒေသကြီး ဂုဏ်ဆောင်၍ ရွှေတံဆိပ်၊ ငွေတံဆိပ်များ စွတ်ခူးရရှိမှုမှာ အံ့သြဖွယ်ပင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ အားကစားစွမ်းဆောင်ရည်များ မြှင့်တင်ရန် လိုအပ်ကြောင်း ပြောကြားနေချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲရန် ပညာကျန်းမာကဏ္ဍ ဘတ်ဂျက်တိုးတက်သုံးစွဲမှုနှင့်အတူ တိုင်းဒေသ ကြီးဘတ်ဂျက်မှ အားကစားကဏ္ဍ ဘတ်ဂျက်ပိုမိုသုံးစွဲပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာ ခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင် မေးမြန်း သည့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍ တိုးတက်မြှင့်မားစေရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ဘတ်ဂျက်တိုးမြှင့် ချထားပေးလျက် ရှိပါ သည်။

(က) တိုင်းဒေသကြီးဘတ်ဂျက်မှ ဘဏ္ဍာရေးနှစ်အလိုက် သာမန်အသုံးစာရိတ် ခွဲဝေချထားမှုနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း နှစ်စဉ် တိုးမြှင့်ပေးလျက်ရှိပါသည် -

| **စဉ်** | **ဘဏ္ဍာရေးနှစ်** | **သုံးငွေ(ကျပ်သန်း)** |
|---|---|---|
| (၁) | ၂၀၁၆- ၂၀၁၇ | ၆၂၅.၁၅၅ |
| (၂) | ၂၀၁၇-၂၀၁၈ | ၇၆၁.၆၉၇ |
| (၃) | ၂၀၁၈(၆လ) | ၄၈၅.၅၈၅ |
| (၄) | ၂၀၁၈-၂၀၁၉ | ၉၂၃.၁၃၁ |
| (၅) | ၂၀၁၉-၂၀၂၀ | ၁၁၄၇.၂၂၆(လျာထား) |

( ခ ) **သာမန်အသုံးစရိတ်ခေါင်းစဉ် (၀၃-၂၅ပြပွဲ-ပြိုင်ပွဲ)**များထဲမှ ပ/တ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ (၅)ခရိုင်(၂၅)မြို့နယ်ဝန်ကြီးချုပ် ဖလားပြိုင်ပွဲများ၊ (၅)ခရိုင်ခွဲဝေ

ချထား၊ (၂၅)မြို့နယ်ခွဲဝေချထား/ TSDPအားကစား ပြိုင်ပွဲများအတွက် ဘတ်ဂျက်ရရှိမှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –

| စဉ် | ဘဏ္ဍာရေးနှစ် | ရငွေ(ကျပ်သန်း) |
|---|---|---|
| (၁) | ၂၀၁၆– ၂၀၁၇ ဘတ်ဂျက်ရရှိမှု | ၂၁၄.၅၀၀ |
| (၂) | ၂၀၁၇–၂၀၁၈ ဘတ်ဂျက်ရရှိမှု | ၃၅၇.၅၀၀ |
| (၃) | ၂၀၁၈(၆လ) ဘတ်ဂျက်ရရှိမှု | ၂၇၁.၂၅၀ |
| (၄) | ၂၀၁၈–၂၀၁၉ ဘတ်ဂျက်ရရှိမှု | ၄၃၂.၆၀၀ |
| (၅) | ၂၀၁၉–၂၀၂၀ ဘတ်ဂျက်ရရှိမှု | ၆၃၈.၀၀၀ |

မကွေးတိုင်းဒေသကြီးအတွင်း အားကစားပြိုင်ပွဲများ မြို့နယ်အလိုက် ရပ်/ကျေးပြိုင်ပွဲများ၊ ခရိုင်အလိုက် မြို့နယ်ပေါင်းစုံ ပြိုင်ပွဲများ၊ ဝန်ကြီးချုပ်ဖလား(၅)ခရိုင် (၂၅)မြို့နယ် ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မှု ဆုရရှိမှုမှာ အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်)၏ အားကစားပြက္ခဒိန်အရ အားကစားနည်း (၂၆)နည်း ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် အားကစားနည်း(၂၂)နည်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်ရရှိမှုမှာ ၂၀၁၇ – ၂၀၁၈ခုနှစ်တွင် ရွှေ(၂၃)၊ ငွေ(၃၂)၊ ကြေး(၄၃)ခု ရရှိပြီး ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ရွှေ(၂၆)၊ ငွေ(၂၇)၊ ကြေး(၃၃)ဆု ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ပညာရေးဌာနနှင့် ပူးပေါင်းကျင်းပသည့် သက်တမ်းအလိုက် $U_{12}$ ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရွှေတံဆိပ် ဆုရအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုငွေကျပ် (၂၆)သိန်း၊ အခြေခံကျောင်းများတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ စက်ဘီးပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက် ငွေကျပ်(၄၄၂)သိန်း၊ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်နှင့် ပညာရေးကောလိပ်များသို့ စားပွဲတင် တင်းနစ်ခုံနှင့် အားကစားပစ္စည်းများအတွက် ငွေကျပ် (၉၂.၈၀)သိန်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ထောက်ပံ့ ချီးမြှင့်ပေးခဲ့ပါသည်။

စစ်တုရင်နှင့် စားပွဲတင်တင်းနစ်အားကစားနည်းများ တိုးတက်စေရန်အတွက် တစ်နိုင်ငံလုံး ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်(၂၁၄)သိန်းအား ထောက်ပံ့ပေးခဲ့ပါသည်။

ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါအတိုင်း ခွင့်ပြုသုံးစွဲထားရှိပါသည် –

| စဉ် | ဘဏ္ဍာရေးနှစ် | သုံးငွေ(ကျပ်သန်း) |
|---|---|---|
| (က) | ၂၀၁၆–၂၀၁၇ | ၁၄၅.၀၀၀ |
| ( ခ ) | ၂၀၁၇–၂၀၁၈ | ၁၄၂.၁၄၀ |
| ( ဂ ) | ၂၀၁၈ (၆)လ | ၂၀၉.၁၆၀ |
| (ဃ) | ၂၀၁၈–၂၀၁၉ | ၁၄၂.၁၄၀ |
| ( င ) | ၂၀၁၉–၂၀၂၀ | ခွင့်ပြုငွေ ရရှိခြင်း မရှိပါ။ |

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတွင် မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း(၂၆)ကွင်း၊ အားကစားရုံ(၉)ရုံ ရှိပါသည်။ ကျန်ရှိသည့်မြို့နယ်များတွင် အားကစားကွင်း ကာရံခြင်း၊ Inner Feincing ကာရံခြင်း၊ ပွဲကြည့်စင်များ တည်ဆောက်ခြင်း၊ ကစားသမားများ တည်းခိုဆောင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသဖြင့် မကွေးတိုင်းဒေသကြီးဘတ်ဂျက်ငွေလုံးငွေရင်း ရန်ပုံငွေမှ ဘဏ္ဍာရေးနှစ်အလိုက် တိုးမြှင့်ချထားပေးသွားမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၏မေးခွန်းတွင် " **တိုင်းဒေသကြီးဘတ်ဂျက်တွင် ပါဝင်သော အားကစားနှင့်ကာယပညာဦးစီးဌာန အသုံးစရိတ်မှာ ၀.၆၄% သာရှိပြီး သမဝါယမဦးစီးဌာန အသုံးစရိတ် ၀.၈၇% ထက်ပင် လျော့နည်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်**" ဟု ဖော်ပြထားပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဖော်ပြပါရာခိုင်နှုန်းများသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အားရည်ညွှန်းထားခြင်းဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် ခန့်ထားပြီး အမြဲတမ်းဝန်ထမ်းအင်အား (၄၄၂)ဦးရှိ၍ လစာစရိတ်ချီးမြှင့်ငွေမှာ ကျပ်သန်းပေါင်း(၁၃၃၁.၅၇၄)သန်း ဖြစ်ပြီး မကွေးတိုင်းဒေသကြီး အားကစားနှင်ကာယပညာဦးစီးဌာနတွင် ခန့်ထားပြီး အမြဲတမ်းဝန်ထမ်းအင်အားမှာ (၁၄၆)ဦးဖြင့် လစာစရိတ်ချီးမြှင့်ငွေမှာ ကျပ်သန်းပေါင်း(၃၈၉.၉၇၀)သန်းဖြစ်ပါသည်။ ၎င်းဌာန(၂)ခု၏ အဓိကအသုံးစရိတ်ဖြစ်သော သာမန်အသုံးစရိတ်တွင် ဝန်ထမ်းများအား မဖြစ်အနေပေးရသော လစာစရိတ် ချီးမြှင့်ငွေမပါ အခြားသာမန်အသုံးစရိတ်တွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှာ ကျပ်သန်းပေါင်း(၁၃၀.၅၇၉)သန်းဖြစ်ပြီး မကွေးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှာ ကျပ်သန်းပေါင်း(၅၂၄.၁၆၁)သန်းဖြစ်ပါသဖြင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းအရ မဖြစ်မနေ ပေးရမည့်လစာစရိတ်များကြောင့် မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနသည် အသုံးစရိတ်ရာခိုင်နှုန်းများရခြင်းဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းဖြစ်သော " **ပညာကျန်းမာကဏ္ဍာဘတ်ဂျက်တိုးတက် သုံးစွဲမှုနှင့်အတူ တိုင်းဒေသကြီးဘတ်ဂျက်အားကစား ကဏ္ဍာဘတ်ဂျက် ပိုမိုသုံးစွဲနိုင်ခြင်း အစီအစဉ်ရှိ/မရှိ**"နှင့်ပတ်သက်၍ ဖြေကြားရမည်ဆိုပါက အားကစားကဏ္ဍာဖွံ့ဖြိုး တိုးတက်ရေးအတွက်အားကစား ပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ပံ့ပိုးပေးလျက်ရှိပြီး တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနအား သာမန်အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါအတိုင်း တိုးမြှင့်၍ ခွင့်ပြုခဲ့ပါသည် -

**အားကစားကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရန် အားကစားပြိုင်ပွဲများအတွက်နှစ်အလိုက် အသုံးစရိတ်များ**

| စဉ် | အကြောင်းအရာ | ဘဏ္ဍာရေးနှစ်(ကျပ်သိန်းပေါင်း) | | |
|---|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
| ၁ | တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက်စရိတ် | ၅၀၀ | ၆၀၀ | ၁၀၀၀ |
| ၂ | မကွေးတိုင်းဝန်ကြီးချုပ်ဖလား ခရိုင်(၅) ခရိုင်/ မြို့နယ်(၂၅)မြို့နယ်တွင် ကျင်းပပြုလုပ်မည့် အားကစား | ၇၅၀ | ၇၀၀ | ၁၁၆၀ |

| | | | | |
|---|---|---|---|---|
| | ပြိုင်ပွဲများအတွက် ကုန်ကျစရိတ် | | | |
| ၃ | မကွေးတိုင်းဝန်ကြီးချုပ်ဖလား ခရိုင်(၅)ခရိုင်/ မြို့နယ်(၂၅)မြို့နယ်တွင် ကျင်းပပြုလုပ်မည့် အားကစားပြိုင်ပွဲများအတွက် ဝင်ရောက် ယှဉ်ပြိုင်ခြင်း၊ စခန်းသွင်း လေ့ကျင့်ခြင်းနှင့် လူရွေးပွဲစရိတ် | ၁၇၅၀ | ၂၂၇၅ | ၂၈၀၀ |
| ၄ | မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးဒေသတွင်း ပြိုင်ပွဲများ | ၅၀၀ | ၆၂၅ | ၁၀၀၀ |
| ၅ | လွတ်လပ်ရေးနေ့ | | | ၁၃၀ |
| ၆ | ဆုရရှိသည့် အားကစားသမားများအား ချီးမြှင့်ငွေ | ၇၅ | ၁၂၆ | ၁၈၀ |
| | **စုစုပေါင်း အသုံးစရိတ်** | **၃၅၇၅** | **၄၃၂၆** | **၆၃၈၀** |

ထို့အပြင် ပညာပေးသင်တန်းစရိတ်တွင် နှစ်စဉ် ကျပ်သိန်းပေါင်း(၃၀၀)ကျော်အားလည်းကောင်း၊ အားကစားရုံ/ပွဲကြည့်စင်များ ပြင်ဆင်ထိန်းသိမ်းစရိတ်ကိုနှစ်စဉ် ကျပ်သိန်း(၃၀၀)ခန့်အားလည်းကောင်း ခွင့်ပြုပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစား ကဏ္ဍဘတ်ဂျက်ကို နှစ်စဉ်တိုးမြှင့်လျာထားပေးလျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်တွင် သာမန်အသုံးစရိတ်မှ (၉၂၃.၁၃၁)ကျပ်သန်း လျာထားခွင့်ပြုခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် (၁၁၅၃.၇၆၆)ကျပ်သန်း တိုးမြှင့်လျာထားခွင့်ပြုခဲ့ပါသည်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် တိုင်းဒေသကြီးဘတ်ဂျက်မှ (၁၇၇.၀၀၀)ကျပ်သန်းနှင့် ပြည်ထောင်စုဘတ်ဂျက်မှ (၆၅၃.၁၄၀)ကျပ်သန်း ခွဲဝေချထားပေးခဲ့ပါသည်။

ယခုနှစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားခြင်း မရှိသော်လည်း ပြည်ထောင်စုဘတ်ဂျက်မှ (၄၁၁၇.၁၀၀)ကျပ်သန်း အဆိုပြု တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအတွက် အသုံးစရိတ်များ ခွဲဝေချထားရာ တိုင်းဒေသကြီးဘတ်ဂျက်တွင် ရာခိုင်နှုန်း နည်းပါးသည်ဟု ဆိုသော်လည်း အသုံးစရိတ်မှာ နှစ်စဉ် ပိုမိုတိုးမြှင့် လျာထားပေးလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်များ နှစ်စဉ် တိုးမြှင့် အဆိုပြုတောင်းခံလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်မိုးအောင် ( သရက်မြို့နယ်မဲဆန္ဒနယ်အမှတ် – ၂ )**။ ။ လေးစားအပ်ပါသော မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံ၍ မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးလွှတ်တော် သရက်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်မိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးအတွင်း ပလပ်စတစ်ကြောင့် သယံဇာတမြေဩဇာ၊ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ ဆုံးရှုံးမှုများ ရင်ဆိုင်နေရခြင်းကို

မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံကိန်းချ ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပလပ်စတစ်စွန့်ပစ်ပစ္စည်းများ တစ်နေ့လျှင် တန်(၂၀၀)ခန့် မြန်မာနိုင်ငံအတွင်းရှိ မြစ်များအတွင်းသို့ ရောက်ရှိနေခြင်း၊ ဧရာဝတီမြစ်အတွင်းသို့ (၅၀)ရာခိုင်နှုန်းခန့် ရောက်ရှိနေခြင်းကို ကာကွယ်သွားရန် ရည်ရွယ်ပါသည်။

လေးစားအပ်ပါသော မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလပ်စတစ် အမှိုက်များကြောင့် ရေ၊ မြေ၊ သတ္တဝါများ သေကြေရပါသည်။ ရေဒဟတ်ပန်ကာများ ချို့ယွင်းပျက်စီးဆုံးရှုံးမှုများသာမန်မျက်စိဖြင့် မမြင်နိုင်သော ပလပ်စတစ်အမှုန်များ လူတိုင်းလူတိုင်း နေ့စဉ်စားသုံးနေရပါသည်။ ပလပ်စတစ်ကြောင့် သယံဇာတမြေဩဇာများ ပျက်စီးနေရပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းများရင်ဆိုင်နေရပါသည်။ ဒုတိယအရေးကြီးဆုံးက ပလပ်စတစ်ရေသန့်ဘူးတွေ၊ တစ်ခါသုံး ပလပ်စတစ်ရေသန့်ဘူး သုံးစွဲမှုဟာ လွန်ခဲ့သော(၂၅)နှစ်ခန့်က သုံးစွဲလာခဲ့ကြသည့်အတွက် ယနေ့ခေတ်ဆိုရင် (၁၀)ဆမကများပြားလာသည်ကို တွေ့နေရပါသည်။ ကော်ဖီမစ် ပလပ်စတစ်၊ ရေသန့် ပလပ်စတစ်၊ ကြွပ်ကြွပ်အိတ်ဒါတွေအားလုံးက မြေအောက်ရေတွေ ဝင်ကုန်တယ်။ ရေထုနှင့် မြေထုကို ညစ်ညမ်းစေတယ်။ မီးရှို့ဖျက်စီးခြင်းကြောင့် မီသိန်းဓါတ်ငွေ့ကို ထုတ်တယ်။ မီးလောင်ပြီး ညစ်ညမ်းစေတယ်။ လူတွေအတွက် အဆိပ်ငွေ့ရှူမိလျှင် အသက်အန္တရာယ်ခြိမ်းခြောက်တဲ့ ရောဂါတွေရနိုင်ပါတယ်။ သို့ပါ၍ မကွေးတိုင်းဒေသကြီးအတွင်းပလပ်စတစ်ကြောင့် သယံဇာတမြေဩဇာ၊ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ဆုံးရှုံးမှုများ ရင်ဆိုင်နေရခြင်းကို မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံကိန်းချ ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိကို မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဦးဇော်မင်း ( ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်မှ ပတ်ဝန်းကျင်သာယာလှပရေးအတွက် အမှိုက်များကိုသက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ စနစ်တကျ သိမ်းဆည်း စွန့်ပစ်လျက်ရှိပါသည်။ မြို့နယ်(၂၅)မြို့နယ်ရှိသည့်အနက် တစ်ရက်လျှင် အမှိုက်(၁၀)တန်အောက် သိမ်းဆည်းစွန့်ပစ်သောမြို့မှာ(၁၉)မြို့၊ (၁၀)တန်နှင့် (၂၅)တန်ကြား သိမ်းဆည်းစွန့်ပစ်သော မြို့မှာ (၃)မြို့နှင့် (၂၅)တန်အထက် စွန့်ပစ်သောမြို့မှာ(၃)မြို့ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်နိုင်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်အတွက် သတ်မှတ်ထားသော နေရာများတွင် စနစ်တကျ မီးရှို့ဖျက်စီးခြင်း၊ အမှိုက်စုပုံကွင်းများကို စနစ်တကျ သတ်မှတ်ထားရှိခြင်း၊ အမှိုက်ကျင်းများပြုလုပ်၍ မြေမြှုပ် ဖျက်စီးခြင်း စသည့် နည်းလမ်းများကို အသုံးပြု၍ သိမ်းဆည်း စွန့်ပစ်လျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပလပ်စတစ်ကြောင့် သယံဇာတမြေဩဇာ၊ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီး ဆုံးရှုံးမှုများနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများနှင့် သင်တန်းကျောင်း၊ တက္ကသိုလ်များ၊ ကျေးရွာ၊ မြို့နယ်၊ ရပ်ကွက်များ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုံများတွင် အသိပညာပေးဟောပြောခြင်းလုပ်ငန်းများ လစဉ် ဆောင်ရွက်လျက်ရှိပြီး မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဦးဆောင်မှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်းစည်ပင်သာယာနယ်မြေ မြို့နယ်(၂၅)မြို့နယ်ရှိ ဈေးများတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်

မသုံးစွဲရနေ့ သတ်မှတ်ပြီး ကြွပ်ကြွပ်အိတ် သုံးစွဲမှု လျှော့ချရေးအတွက် ကွင်းဆင်း၍ အသိပညာပေးခြင်း၊ အစားထိုး စက္ကူအိတ်များ လဲလှယ်ပေးခြင်း ဆောင်ရွက်ခြင်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ဧပြီလအထိ သတ်မှတ်ကာလ (၁၀)လ သတ်မှတ်၍ စတင်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများသို့ အစားအသောက် ထုပ်ပိုးရောင်းချမှုများတွင် ပလပ်စတစ်အိတ် သုံးစွဲခြင်း လုံးဝမပြုစေရန်နှင့် မကွေးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာနယ်မြေ မြို့နယ်(၂၅)မြို့နယ်ရှိ ဈေးများတွင် ကြွပ်ကြွပ်အိတ်လျှော့ချရေး အထိမ်းအမှတ် ပထမအဆင့်အနေဖြင့် ဈေးများတွင် တနင်္ဂနွေနေ့တိုင်း ဈေးရောင်းဈေးဝယ်ရာ၌ ကြွပ်ကြွပ်အိတ် အသုံးမပြုရေး လမ်းညွှန်ချက်တစ်ရပ် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်တို့အတွက် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၂၉.၁.၂၀၁၉) ရက်နေ့တွင် ပြုလုပ်ခဲ့သော (၁/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညိုညိုဦး ( စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ် – ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ စေတုတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါ၊ စက်ယန္တရားတင်ဒါ လုပ်ငန်းများ ဝင်ရောက်ယှဉ်ပြိုင်သည့်ကုမ္ပဏီများ ရွေးချယ်စိစစ်ရာတွင် ပရိုဖိုင်များတွင် ရေးသားထည့်သွင်းထားသောအချက်များသည် ခိုင်မာတိကျမှုရှိ/မရှိ၊ ဆောက်လုပ်ရေးနှင့် ပတ်သက်၍ အတွေ့အကြုံရှိ/ မရှိ၊ စိတ်စေတနာထား၍ ဆောင်ရွက်ခဲ့မှုရှိ/မရှိ၊ နာမည်ပျက် စာရင်းသွင်းခံခဲ့ရသော ကုမ္ပဏီဟုတ်/ မဟုတ် စသည့်မလိုလားအပ်သောပြဿနာမဖြစ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စိစစ်ရွေးချယ်ခဲ့သည်နှင့်ပတ်သက်၍ သိရှိလိုကြောင်း မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တင်ဒါစိစစ်ရေးကော်မတီအနေနှင့် တင်ဒါလုပ်ငန်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ကုမ္ပဏီများအား ရွေးချယ်စိစစ်ရာတွင် ပရိုဖိုင်များတွင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ထည့်သွင်းတင်ပြလေ့ရှိပါသည်။ ကော်မတီအနေဖြင့် ပရိုဖိုင်ပါအချက်အလက်များမှန်ကန်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်လျှင် ပြုလုပ်သင့်ပါသည်။ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိ/ မရှိ (Black List) စာရင်းသွင်းခံခဲ့ရသော နောက်ကြောင်းရှိ/မရှိ စသည့်အချက်များအား ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ မိမိတင်ဒါအောင်ရေးအတွက် လက်ရှိဒေသပေါက်ဈေးအောက် များစွာလျှော့နည်းတင်ပြခဲ့၍ တင်ဒါအောင်ခဲ့သော်လည်း ပစ္စည်းပို့ရမည့် အချိန်တွင် ကြန့်ကြာမှုများပေါ်ပေါက်လျက်ရှိပါသည်။ ဥပမာတင်ပြရလျှင် စေတုတ္တရာမြို့နယ်၊ မုန်းတမံရေကျအမှတ်(၂)သည် ၂၀၁၅ ရေကြီးမှုကြောင့် ပြင်ဆင်ရန် လိုအပ်ခဲ့ပါသည်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ပြင်ဆင်ရန် ပစ္စည်းတင်ဒါ ခေါ်ယူခဲ့ပါသည်။ သံချောင်းတင်ဒါအောင်ကုမ္ပဏီမှ အချိန်မီပစ္စည်းပို့ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ရပြီးမှ ရောက်ရှိခဲ့ပါသည်။ ပစ္စည်းအရည်အသွေးမှာ ကာလပေါက်ဈေးအောက်လျှော့နည်း၍ တင်ဒါအောင်ရေး

အတွက် လျှော့ချပေးခဲ့ရသည့်အတွက် မိမိလျှော့ပေးသောဈေးနှင့်တန်သည့် ပစ္စည်းသာ တင်သွင်းခဲ့ပါသည်။ လုပ်ငန်းအနေအထားအရ ပစ္စည်းထပ်မံလိုအပ်၍ ကုမ္ပဏီအား ဆက်သွယ်ခဲ့ရာ ထိုဈေးဖြင့်မပို့နိုင်ကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။ မိခင်ဌာနသို့ အကြောင်းကြား၍ ပြင်ပမှဝယ်ယူအသုံးပြုခဲ့ရပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မုန်းတမံလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ကုမ္ပဏီမှတင်သွင်းသော သံချောင်းနှင့် အပြင်ဆိုင်မှဝယ်ယူသော သံချောင်းမှာ Size ရော Quality ပါကွာခြားနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ပြင်ပမှဝယ်ယူသော သံချောင်းမှာ ဈေးပိုပေးရပြီး ရေရှည်ခံသည့် အရည်အသွေးပြည့်မီကြောင်း တွေ့ရှိရပါသည်။ ယခုကဲ့သို့ အကြီးစားပြင်ဆင်မှုလုပ်ငန်းများတွင် အရည်အသွေးမီသောပစ္စည်းများကိုသာ သုံးသင့်သော်လည်း မိမိတင်ဒါအောင်ရေးအတွက် အနိမ့်ဈေးနှင့်ပေး၍အရည်အသွေးနိမ့်ကျသည့်ပစ္စည်းများပေးပို့ခြင်းသည်တင်သွင်းသည့်ကုမ္ပဏီမှ အပြစ်ရှိသလား၊ တင်ဒါစိစစ်သူများဘက်မှ ထိုသို့မဖြစ်စေရန် ကြမ်းခင်းဈေးအောက် နည်းလွန်းသောဈေးဖြင့် ယှဉ်ပြိုင်မှုများအား ကြမ်းခင်းဈေး Level နှင့်မကွာ လွန်းသောဈေးကို ပြောင်းလည်းသတ်မှတ်ရန် လိုမည် လားဆိုသည်ကို အဖြေရှာရမည်ဖြစ်ပါသည်။ ရွှေလိုချင်လျှင် ရွှေဈေးကိုပေးရမည်ဖြစ်ပါသည်။ ကြေးဈေးပေး၍ ရွှေလိုချင်၍ မရနိုင်ပါ။ သို့ဖြစ်ပါ၍ တင်ဒါအောင်မြင်သူများလည်း အကျိုးရှိ လုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသော ပစ္စည်းများ အသုံးပြုခွင့်ရ၍ အကျိုးရှိမည်၊ နှစ်ဘက်ကောင်းမွန်ရေးကို ဦးတည်ရန် အထူးလိုအပ်လှပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါစိစစ်ရေးကော်မတီအနေဖြင့် တင်ဒါစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပရိုဖိုင်များမှန်ကန်တိကျမှုရှိ/မရှိ၊ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အတွေ့ အကြုံရှိ/မရှိ၊ Black List စာရင်း သွင်းခံရခြင်းရှိ/မရှိ စသည့်အချက်များအပြင် ဒေသဈေးနှုန်းအောက် များစွာလျှော့နည်းသည့် ကုမ္ပဏီအားပေးသင့်/မပေးသင့် စသည့်အချက်များအား တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ လမ်းညွှန်ထိန်းကြောင်းမှုပေးခဲ့သည်နှင့်ပတ်သက်၍ သိရှိလိုကြောင်းမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါ၊ စက်ယန္တရားတင်ဒါလုပ်ငန်းများ ဝင်ရောက်ယှဉ်ပြိုင်သည့်ကုမ္ပဏီများ ရွေးချယ်စိစစ်ရာတွင် ပရိုဖိုင်များတွင် ရေးသားထည့်သွင်းထားသော အချက်များသည် ပြည့်စုံခိုင်မာမှုရှိခြင်း၊ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အတွေ့ အကြုံရှိသည့် ကုမ္ပဏီများဖြစ်ခြင်း၊ စိတ်စေတနာထား၍ ဆောင်ရွက်ခဲ့မှုအား ယခင်ဆောက်လုပ်ခဲ့သည့် ဌာန၏ ထောက်ခံချက်များ တင်ပြနိုင်ခြင်း၊ နာမည်ပျက်စာရင်းသွင်းခံခဲ့ရသော ကုမ္ပဏီ ဟုတ်/မဟုတ် စစ်ဆေးခြင်းများကို စိစစ်၍ တင်ဒါခေါ်ယူခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ကျန်းမာရေး/ကုသရေးဦးစီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများ ခွဲဝေချထားပေးမှုဖြင့် ဆောင်ရွက်ပါသည်။ လုပ်ငန်းများအလိုက် ပြည်ထောင်စုအစိုးရအဖွဲ့၏(၁/၂၀၁၇) ညွှန်ကြားချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဦးဆောင်မှုနှင့် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၏ညွှန်ကြားချက်များလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူ စိစစ်ရေးကော်မတီ၊ တင်ဒါဖွင့်ဖောက် စိစစ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး သက်ဆိုင်ရာ

ကုမ္ပဏီမှ မြေပြင်လုပ်ငန်း ဆောင်ရွက်မှုများကို မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး ဆောက်လုပ်ရေးကြီးကြပ်မှု ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခြင်းတို့အပြင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့် ကို စံချိန်စံညွှန်းအမီ အရည်အသွေး စစ်ဆေးပေးနိုင်ရေးအတွက် ပြင်ပအရည်အသွေး စစ်ဆေးရေးကုမ္ပဏီ များ ငှားရမ်းဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်း ဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား (၂၆.၁၀. ၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများအား(၁၂.၁၀.၂၀၁၈)ရက်နေ့တွင်လည်းကောင်း လုပ်ငန်းခွင့်ပြု အတည်ပြုချက်များ ရရှိခဲ့ပါ သည်။ အတည်ပြုချက်ရရှိသည့် လုပ်ငန်းများအား ဌာန (သို့မဟုတ်) ကုမ္ပဏီမှ ဆောင်ရွက်ရန်ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြ အတည်ပြုချက် တောင်းခံခဲ့ပြီး (၃၀.၁၁.၂၀၁၈)ရက်နေ့တွင် အတည်ပြုချက် ရရှိခဲ့ပါသည်။ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပြီးသည့်အချိန်မှစ၍ ပစ္စည်းတင်ဒါ ခေါ်ယူခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ပစ္စည်းများ၏ အရည်အသွေးမှန် ရရှိရေး၊ သတ်မှတ်အရည်အသွေးနှင့်အညီ ပစ္စည်းဈေးနှုန်း များမှန်ကန်ရေး၊ တင်ဒါအောင်ပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရန် လုပ်ငန်းများအား သတ်မှတ် ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံခဲ့ပြီး (၁၉.၁၀.၂၀၁၈) ရက်နေ့တွင် အတည်ပြုချက်ရရှိခဲ့ပါသဖြင့် မြန်မာ့အလင်းသတင်းစာတွင် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် (၃.၁၁.၂၀၁၈)ရက်နေ့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။

အဆိုပါလမ်းခင်း ပစ္စည်းများနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများ၏ တင်ဒါလျှောက်လွှာများကို (၁၉.၁၁. ၂၀၁၈)ရက်နေ့မှ(၃၀.၁၁.၂၀၁၈)ရက်နေ့ထိရောင်းချခဲ့ပြီး တင်ဒါလျှောက်လွှာ တင်သွင်းသူများမှာ သံချောင်း အရွယ်စုံအတွက် ကုမ္ပဏီ(၃)ခု၊ ကတ္တရာအတွက် ကုမ္ပဏီ(၄)ခု၊ ဘိလပ်မြေအတွက် ကုမ္ပဏီ(၃)ခု၊ စုစုပေါင်း ကုမ္ပဏီ(၁၀)ခု လျှောက်လွှာတင်သွင်းခဲ့ပါသည်။

ပစ္စည်းတင်ဒါဖွင့်ပွဲအခမ်းအနားကို (၆.၁၂.၂၀၁၈)ရက်နေ့တွင် ကတ္တရာပစ္စည်းကိုလည်းကောင်း၊ (၇.၁၂.၂၀၁၈)ရက်နေ့တွင် သံချောင်းရွယ်စုံနှင့် ဘိလပ်မြေပစ္စည်းကိုလည်းကောင်း၊ မင်းဘူးခရိုင်ရောဝတီ ဧည့်ရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပဏာမတင်ဒါအောင်မြင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ထံ တင်ပြအတည်ပြုချက်တောင်းခံခဲ့ပြီး(၂.၁.၂၀၁၉)ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ခွင့်ပြုချက် ရရှိခဲ့ပါသည်။ ကျန်လုပ်ငန်းသုံး ပစ္စည်းများအတွက် တင်ဒါခေါ်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးများတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပဏာမ တင်ဒါအောင်မြင်သူများအား တိုင်း ဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်တောင်းခံခဲ့ရာ (၂.၁.၂၀၁၉)ရက်နေ့တွင် အတည်ပြုချက် ရရှိခဲ့ပါသည်။

လုပ်ငန်းများတွင် လိုအပ်သော စက်ယာဉ်/ယန္တရားများ၏ စိတ်ဝင်စားမှု အဆိုပြုလွှာ တင်သွင်းမည့် လုပ်ငန်းများအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ စိစစ်ရေးကော်မတီအဖွဲ့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် တောင်းခံခဲ့ရာ (၂.၁.၂၀၁၉)ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စက်ယာဉ်/ယန္တရား

စိတ်ဝင်စားမှု အဆိုပြုလွှာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်(၁၀.၁.၂၀၁၉)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။ စက်ယာဉ်/ယန္တရား အဆိုပြုလျှောက်လွှာများကို (၁၇.၁.၂၀၁၉)ရက်နေ့တွင် စတင်ရောင်းချခဲ့ပြီး (၂၉.၁.၂၀၁၉)ရက်နေ့အထိ ရောင်းချခဲ့ပါသည်။ Technical Proposal စာအိတ် A ဖွင့်ဖောက် စစ်ဆေးတွေ့ရှိချက်များ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် စစ်ဆေးဆုံးဖြတ်ချက်များကို (၄.၂.၂၀၁၉)ရက်နေ့တွင် တင်ဒါကော်မတီအစည်းအဝေး ကျင်းပပြုလုပ်၍ ၎င်းအစည်းအဝေး ဆုံးဖြတ်ချက်အရ(၆.၂.၂၀၁၉)ရက်နေ့တွင် ပဏာမ အိတ်ဖွင့်တင်ဒါအခမ်းအနား ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ စိတ်ဝင်စားမှု အဆိုပြုလွှာ ပဏာမ အိတ်ဖွင့်တင်ဒါအခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ (စုပေါင်းရုံး) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ စိတ်ဝင်စားမှု အဆိုပြုလွှာ Lot စုစုပေါင်း (၅၅)ခုရှိ၍ Lot(၄၀)တွင် စိတ်ဝင်စားမှု အဆိုပြုလွှာ တင်သွင်း၍ ကျန် Lot(၁၅)ခုတွင် စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းသူ မရှိပါသဖြင့် အဆိုပါ Lot(၁၅)ခုအား တင်ဒါအောင်စျေးနှုန်းအတိုင်း ဆောင်ရွက်ခွင့်ပြုကြောင်းနှင့် ပဏာမအောင်မြင်သည့်ကုမ္ပဏီများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၅.၂.၂၀၁၉)ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။

လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါ စိစစ်လက်ခံမှု တင်ဒါကော်မတီအဖွဲ့အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်တောင်းခံခဲ့ရာ (၁၁.၁၁.၂၀၁၈)ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ လုပ်ငန်းတင်ဒါခေါ်ယူမည့် လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (၂၃.၁၂.၂၀၁၈)ရက်နေ့တွင် ပထမ(၁)ကြိမ်၊ (၁၀.၁.၂၀၁၉) ရက်နေ့တွင် ဒုတိယ(၁)ကြိမ်ဖြင့် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။ တင်ဒါလျှောက်လွှာများကို (၂၈.၁၂.၂၀၁၈)ရက်နေ့တွင် စတင်ရောင်းချခဲ့ပြီး (၂၂.၁.၂၀၁၉)ရက်နေ့တွင် လျှောက်လွှာပိတ်သိမ်းခဲ့ပါသည်။ (၂၈.၁.၂၀၁၉)ရက်နေ့တွင် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမတွင် တင်ဒါကော်မတီများနှင့် အစည်းအဝေး ပြုလုပ်၍ Technical Proposalနှင့် Price Proposal အမှတ်ပေးစနစ်များ ကုမ္ပဏီများ၏ လုပ်ငန်းအတွေ့အကြုံ၊ စက်ယာဉ်/ယန္တရားပိုင်ဆိုင်မှု အထောက် အထားများ၊ အင်ဂျင်နီယာများ၏ လုပ်ငန်းအတွေ့အကြုံ အင်တာဗျူး အမှတ်ပေးစနစ်များ စျေးနှုန်းအမှတ်များ သတ်မှတ်ဆုံးဖြတ်ခဲ့ပြီး အဆိုပါ ရက်နေ့တွင် Technical Proposalနှင့် Price Proposal စာအိတ် A ဖွင့်ဖောက် စစ်ဆေးခဲ့ပါသည်။

(၄.၂.၂၀၁၉)ရက်နေ့တွင် တင်ဒါကော်မတီအစည်းအဝေး ထပ်မံကျင်းပ၍ Technical Proposal နှင့် Price Proposal အောင်မြင်သည့် ကုမ္ပဏီများကို (၅.၂.၂၀၁၉)ရက်နေ့တွင် ကြေညာခဲ့ပါသည်။ ၎င်းကုမ္ပဏီများအား (၇.၂.၂၀၁၉)ရက်နေ့တွင် လူတွေ့အင်တာဗျူး စစ်ဆေးဆောင်ရွက်ခဲ့ပြီး Financial Proposal ဖွင့်ဖောက်မှတ်တမ်းတင် စိစစ်ရွေးချယ်ခြင်း အခမ်းအနားကို (၂၁.၁.၂၀၁၉)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ (စုပေါင်းရုံး) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းတင်ဒါပဏာမ တင်ဒါအောင်မြင်သူများစာရင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်တောင်းခံခဲ့ပြီး(၈.၃.၂၀၁၉)ရက်နေ့တွင် အတည်ပြုချက်ရရှိခဲ့ပါသည်။ တင်ဒါအောင် ကုမ္ပဏီများနှင့် လုပ်ငန်း Lot အလိုက် စာချုပ်ချုပ်ဆိုမှုများအား (၁၉.၃.၂၀၁၉)ရက်နေ့မှ (၂၆.၃.၂၀၁၉)ရက်နေ့အတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

ပစ္စည်းတင်ဒါလုပ်ငန်းများအတွက် တင်ဒါတင်သွင်းသူများ၏ ကျောက်ကွင်းလိုင်စင် ရှိ/မရှိ၊ ဒေသခံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စိစစ်ရွေးချယ်ခဲ့ပါသည်။ လုပ်ငန်းတင်ဒါလုပ်ငန်းများအတွက် Profile အရ လုပ်ငန်းအတွေ့အကြုံ၊ ကုမ္ပဏီ၏ ပိုင်ဆိုင်မှု အထောက်အထား၊ အခွန်ပေးဆောင်မှု၊ အခွန်ကင်းရှင်းမှုအထောက်အထား၊ အင်ဂျင်နီယာ ဝန်ထမ်းအင်အား၊ ဆောင်ရွက်မည့်လုပ်ငန်းတွင် အသုံးပြုမည့် စက်/ယာဉ်/ယန္တရားပိုင်ဆိုင်မှု အထောက်အထား၊ ဆောင်ရွက်မည့်လုပ်ငန်းတွင် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် အင်ဂျင်နီယာ၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ရွေးချယ်ခဲ့ပြီး ပေးမှတ်များအနေဖြင့် Profile (၆၀)မှတ်၊ လူတွေ့ အင်တာဗျူး (၁၀)မှတ်၊ ဈေးနှုန်း(၃၀)မှတ်ဖြင့် စိစစ်ရွေးချယ်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးလမ်းဦးစီးဌာနအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါ၊ စက်ယန္တရားတင်ဒါလုပ်ငန်းများ ဝင်ရောက် ယှဉ်ပြိုင်သည့် ကုမ္ပဏီများ ရွေးချယ်စိစစ်ရာတွင် မလိုလားအပ်သော ပြဿနာမဖြစ်စေရေးအတွက် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သည့် ညွှန်ကြားချက်(၁/၂၀၁၇)နှင့်အညီ တင်ဒါကော်မတီများ ဖွဲ့စည်းပါသည်။ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီအနေဖြင့် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီသော ပစ္စည်းများအား အချိုသာဆုံးဈေးနှုန်းဖြင့် ရရှိနိုင်ရေး တွက်ချက်သတ်မှတ်ပါသည်။ တင်ဒါလက်ခံရေး စိစစ်ရေးကော်မတီအနေဖြင့် တင်ဒါစည်းကမ်းချက်များနှင့် အရည်အသွေးသတ်မှတ်ချက်များ သတ်မှတ်ပေးခြင်း၊ တင်ဒါလျှောက်ထားလာသည့် ကုမ္ပဏီများ၏ ပရိုဖိုင်/နည်းပညာဆိုင်ရာ အဆိုပြုလွှာများအား စနစ်တကျ စိစစ်အကဲဖြတ်ခြင်း၊ ပရိုဖိုင်များတွင် ရေးသားထည့်သွင်းထားသော အချက်များသည် ခိုင်မာတိကျမှု ရှိ/မရှိ၊ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံ ရှိ/မရှိ၊ စိတ်စေတနာထား၍ ဆောင်ရွက်ခဲ့မှု ရှိ/မရှိ၊ နာမည်ပျက်စာရင်းသွင်းခံရသော ကုမ္ပဏီဟုတ်/မဟုတ် စသည်တို့အား စစ်ဆေးခြင်း၊ မိမိတိုင်းဒေသကြီးအတွင်း လုပ်ငန်းအတွေ့အကြုံမရှိဘဲ အခြားတိုင်းဒေသကြီး/ပြည်နယ်တွင် လုပ်ငန်းအတွေ့အကြုံရှိပါက သတင်းအချက်အလက်များ ရယူခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းနှင့် တင်ဒါဖွင့်ပွဲသို့လည်း လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားပြီးဆွေးနွေး အကြံပြုချက်ရယူခြင်းများ ဆောင်ရွက်ပြီး တင်ဒါပဏာမ စိစစ်ရွေးချယ်ထားရှိမှုအား တင်ဒါကော်မတီ၏ အတည်ပြုချက်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရပါသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုပေးသည့် တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (သို့မဟုတ်) ပစ္စည်းလက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ရပါသည်။ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီအနေဖြင့် အရည်အသွေး ပြည့်မီသော ပစ္စည်းများကိုသာ စနစ်တကျလက်ခံရေးနှင့် အရည်အသွေး မပြည့်မီသည့် ပစ္စည်းများကိုလက်ခံခြင်း မပြုလုပ်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ပစ္စည်းပို့ရန် ပျက်ကွက်ပါက တင်ဒါစည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်လှိုင် ( တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် – ၂ )။** ။ မကွေးတိုင်းလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တောင်တွင်း ကြီးမြို့မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်(ခေါ်)

ဦးလှိုင်လှိုင် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ လွှတ်တော်မှာ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်ရန်ပုံငွေများဖြင့် တည်ဆောက်ဆဲဖြစ်သော အဆောက်အဦး၊ လမ်း၊ တံတားများအား အရည်အသွေးပြည့်မှီစေရန် ကုမ္ပဏီများနှင့် ဌာနဆိုင်ရာများမှ ခန့်အပ်ထားသော(QC)အရည်အသွေး စစ်ဆေးသည့်အဖွဲ့များ လုံလောက်စွာ ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်။ ။ တောင်တွင်းကြီးမြို့နယ်မှာ ယခင်နှစ် (၂၀၁၇ - ၂၀၁၈)က ငွေလုံးဖြင့် ဆောက်လုပ်ခဲ့သောကျောင်း(၁၃)ကျောင်း၊ ဘတ်ချက် (Type C) (၁)ကျောင်းဆောင် ဆောက်လုပ်မှုများ ထဲမှ တော်ဝင်ကြာဖူး ဆောက်လုပ်ရေးကုမ္ပဏီမှ (၂၄-၅ -၂၀၁၉) ရက်စွဲပါစာအရ ကျောင်း(၅)ကျောင်းမှ ကျောင်းဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း (၁၀၀%) ဆောင်ရွက်ပြီးစီးမှု စစ်ဆေးပေးနိုင်ရန် စာဖြင့် တင်ပြလာပါတယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ပေးဖွဲ့စည်းပေးထားသော သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့် တင်ဒါစာချုပ်ပါအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အတွက် အရည်အသွေးစစ်ဆေးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီနယကအနေဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်အင်ဂျင်နီယာ(၂)ဦးတို့နှင့်အတူ ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးရေးခွင့်ပြုချက် (QC passed) ပေးထားတာကို တွေ့ရှိရပါတယ်။

သို့သော်လည်း လိုအပ်ချက်များစွာ ပြင်ဆင်ရန် လိုအပ်မှုများ၊ တွေ့ရှိချက်များအား ကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန် ပြောကြားမှတ်သားထားရပါတယ်။ ဆိုလိုချင်တာက ဆောက်လုပ်နေဆဲအချိန်တွင် QC ကုမ္ပဏီ၊ တာဝန်ရှိသူ အင်ဂျင်နီယာမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အချိန်နှင့်အမျှ လုပ်ငန်း နှောင့်နှေးမှုမရှိအောင် ကြီးကြပ်ကွပ်ကဲနိုင်မှသာလျှင် အရည်အသွေးပြည့်မီညီမှု ထင်ပါသည်။ မြို့နယ် အဆင့်ဖန်တီးထားသော ကော်မတီသည် ရာခိုင်နှုန်းအလိုက် ဆောက်လုပ်ပြီးစီးမှု (Work Done) သာ စစ်ဆေးမှုများ ပြုလုပ်နိုင်ပါသည်။ ယခုနှစ် တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းပေါင်း(၂၇)ကျောင်း ဆောက်လုပ်မှုများ စတင်နေပါသည်။ အချို့ကျောင်းများအား (QC) အဖွဲ့စစ်ဆေးနေသည်ကို သိရှိရသလို အချို့ကျောင်းများတွင် စစ်ဆေးမှုများမရှိသည်ကို တွေ့ရှိနေရပါသည်။ အောက်ခြေမှစတင်အရည်အသွေး ပြည့်မီစေရန် အထူးလိုအပ်ပါသည်။ ဆောက်လုပ်ရေးကုမ္ပဏီများကို အမည်ပျက်စာရင်း သွင်းသော်လည်း အမှန်တကယ် ဆုံးရှုံးသည်မှာ ပြည်သူ့ဘဏ္ဍာသာလျှင် ဖြစ်ပါသည်။ ထိုထက်ပိုဆိုးသည်မှာ (QC) အဖွဲ့ အား အမည်ပျက်စာရင်း သွင်းမည်ဆိုလျှင် မကောင်းတော့ပါ။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်ရန်ပုံငွေများဖြင့် တည်ဆောက်ဆဲဖြစ်သော အဆောက်အဦ၊ လမ်း၊ တံတားများအား အရည်အသွေးပြည့်မီစေရန် ကုမ္ပဏီများနှင့် ဌာနဆိုင်ရာများမှ ခန့်အပ်ထားသော (QC)အရည်အသွေး စစ်ဆေးသည့်အဖွဲ့များ၊ အရည်အချင်း ပြည့်ဝသည့် အင်ဂျင်နီယာများ လုံလောက်စွာ ထားရှိပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )။** ။ မကွေး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေများ

ဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၈ - ၂၀၁၉(၆)လ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းအားလုံး၏ ရာခိုင်နှုန်းအားလုံး နီးပါးကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန် Hi-Tech Land ကုမ္ပဏီတစ်ခုသာ တင်ဒါအောင်မြင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများကိုလည်း တံတားလုပ်ငန်းများအတွက် Soil Test စမ်းသပ်ခြင်း၊ SIT စစ်ဆေးခြင်း၊ ကွန်ကရစ်နှင့် သံချောင်း Strength များ စစ်ဆေးခြင်း လုပ်ငန်းများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရပါသည်။ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင်လည်း လမ်းခင်းပစ္စည်းများ၏ အရည်အသွေးများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အရည်အသွေး စစ်ဆေးရေးဓါတ်ခွဲခန်းတွင် ပေးပို့စမ်းသပ်ပြီး အရည်အသွေး ကောင်းမွန်မှုသာ လုပ်ငန်းများတွင် အသုံးပြု ဆောင်ရွက်ရပါသည်။

၂၀၁၈ - ၂၀၁၉ (၁၂)လ ဘဏ္ဍာရေးနှစ်မှစ၍ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၏ ရာခိုင်နှုန်း တချို့ကို ကုမ္ပဏီများအား လုပ်ငန်းတင်ဒါပေး၍ ဆောင်ရွက်ခဲ့ပါသည်။ လိုအပ်သော Design၊ Drawing များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲသို့ တင်ပြတောင်းခံရပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ်တွင်လည်း လမ်းလုပ်ငန်းများအတွက် လမ်း QC အဖွဲ့၊ တံတားလုပ်ငန်းများ အတွက် SIT စမ်းသပ်စစ်ဆေးသည့်အဖွဲ့၊ ကွန်ကရစ်နှင့် သံချောင်း Strength များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့စစ်ဆေးရပါသည်။ မြေသားလမ်း၊ မြေနီလမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Geometric Design မှန်ကန်စေရေးနှင့် သတ်မှတ်လမ်းအကျယ် ရရှိစေရေး၊ ကျောက်ချောလမ်းနှင့် ကတ္တရာ လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လမ်းတစ်လမ်းအင်္ဂါရပ်နှင့် ညီညွတ်စေရန်နှင့် အကောင်းမွန်ဆုံး ဖြစ်စေရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများမှ အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်စေလျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း အခြေခံအဆောက်အဦများ အရည်အသွေး မြင့်မားစေရန်အတွက် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကုမ္ပဏီများ၏ လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေး ကြပ်မတ်နိုင်ရန်အတွက် ကျွမ်းကျင်သော အရည်အသွေးထိန်းသိမ်းရေးနှင့် လုပ်ငန်းကြီးကြပ်နိုင်သော အင်ဂျင်နီယာများ ပါဝင်သည့် Third Party အဖွဲ့များကို ငှားရမ်းဆောင်ရွက်သင့်ပါသဖြင့် Third Party ငှားရမ်းရန်အတွက်ကိုလည်း မူလရန်ပုံငွေ လျာထားစဉ်ကတည်းက QC ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းလျာထားစေမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးလမ်းဦးစီးဌာန လက်အောက်ရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာ ရေးနှစ်အတွင်း လမ်း/တံတားလုပ်ငန်းများအား အရည်အသွေးပြည့်မီစွာဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စီမံကိန်း စစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ မှ အရည်အသွေးထိန်းသိမ်းအဖွဲ့များ ခေါ်ယူ၍ ကြီးကြပ်စစ်ဆေးလျက်ရှိပါသည်။

လမ်းပိုင်းအလိုက် လုပ်ငန်းခွင်များတွင် အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ ဝန်ထမ်းများမှ Check list and Check form များဖြင့် နေ့စဉ် အနီးကပ်ကြီးကြပ်စစ်ဆေးစေလျက်ရှိပြီး ရလာဒ်များတွင် လိုအပ်မှု များရှိပါက ပြန်လည်ပြင်ဆင်ဆောင်ရွက်စေပြီး QC Passed ဖြစ်မှသာ ဆက်လက် ဆောင်ရွက်စေပါသည်။

အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့တွင် တိုင်းဒေသကြီး တာဝန်ခံအဖြစ် ဦးစီးအရာရှိ (မြို့ပြ) (၁)ဦး၊ သုတေသနလက်ထောက်(၂) (၆)ဦး၊ သုတေသနလက်ထောက်(၄၀)ဦးဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများကို စစ်ဆေးလျက်ရှိပါသည်။

နိုင်ငံတော် ရန်ပုံငွေများဖြင့် တည်ဆောက်ဆဲဖြစ်သော အဆောက်အဦ၊ လမ်း၊ တံတားများအား အရည်အသွေး ပြည့်မီစေရန် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (QC)ကုမ္ပဏီများကို တင်ဒါခေါ်ယူ၍ မကွေး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် အဆောက်အဦများ/ တည်ဆောက်ခြင်း လုပ်ငန်း များအား စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီး အသုံးပြုနိုင်ရေးအတွက် အရည် အသွေးစိစစ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (QC)ကုမ္ပဏီများအား တာဝန်ပေး ကြပ်မတ်ဆောင်ရွက်စေ ခဲ့ပါသည်။ ဌာနဆိုင်ရာများမှ ခန့်အပ်ထားသော (QC) အရည်အသွေးစစ်ဆေးရေးအဖွဲ့များကို သက်ဆိုင်ရာ မြို့နယ်အလိုက် လွှတ်တော်(၃)ရပ်အား နာယကထား၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ဦးစီးမှူး(လမ်းဦးစီးဌာန)၊ မြို့နယ်ပညာရေးမှူးတို့ ပါဝင်ဖွဲ့စည်း ထားသည့် အရည်အသွေးစစ်ဆေးရေးနှင့် တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီတို့အား မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ လမ်းညွှန်မှုများဖြင့် စီမံကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်မြင့်စန်း ( ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ် – ၂ )။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေး တိုင်းဒေသကြီး ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပေါက်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသော မိုးတွင်းအခါ ရပ်ကွက်များအတွင်း ရေလျှံမှု ခံနေရ ခြင်းအား မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာအစိုးရသို့ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပေါက်မြို့ရဲ့ အရပ်လေးမျက်နှာမှာ ချောင်းများနှင့် ဝန်းရံထားတာကို တွေ့ရပါတယ်ရှင်။ မြောက်ဘက်တွင် ပေါက်ချောင်းနှင့် ကျောချောင်း၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် ဆင်ဇာချောင်း၊ ကြက်သိုက်ချောင်း၊ အနောက်ဘက်တွင် ပေါက်ချောင်းတို့ဖြင့် ဝန်းရံထား ပါတယ်ရှင်။ ဆင်ဇာချောင်းနှင့် ကြက်သိုက်ချောင်းတို့ဟာ ရပ်ကွက်များအတွင်း စီးဆင်းနေပြီး ကျဉ်းမြောင်း တဲ့အတွက် ရေစီးရေလာနှေးကွေးခြင်းကြောင့် မိုးကြီးလျှင် ရပ်ကွက်များအတွင်း ရေလျှံခြင်းကို နှစ်စဉ် ခံစား နေရပါတယ်ရှင်။ ပေါက်မြို့ဟာ ဝန်ထမ်းမြို့ဖြစ်တဲ့အတွက် မိုးတွင်းကာလ မိုးကြီးစဉ် အိမ်များအတွင်း ရေဝင်ရောက်သည့်အတွက် ဝန်ထမ်းများမှာ မိမိအိမ်မှာဖြစ်နေတဲ့ ရေဘေးဒုက္ခအပေါ် ဖြေရှင်းနေရတာက တစ်ကြောင်း၊ ဝန်ထမ်းတစ်ယောက်ရဲ့ တာဝန်ဝတ္တရားများအကြား စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်း ဖြစ်ကြရပါ တယ်ရှင်။ တစ်ချို့ ချောင်းကမ်းပါးများ ပြိုကျနေတာကိုလည်း တွေ့ရပါတယ်ရှင်။ ဒီကိစ္စကို မကွေးတိုင်း

ဒေသကြီး မြစ်ချောင်းဖြိုးဌာနအားတင်ပြခဲ့ရာ ညွှန်ကြားရေးမှူးကိုယ်တိုင် (၂)ကြိမ်၊ AEမှ (၂)ကြိမ် ကွင်းဆင်းကြည့်ရှုပြီးလည်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မြို့တစ်မြို့၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်ထားတဲ့အတွက် မပျက်စီးခင်မှာ ကြိုတင်ကာကွယ်ခြင်းဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာ ပြောရန်မလိုတော့ပါ။ မြို့သူ/ မြို့သားများရဲ့ ရှာဖွေစုဆောင်း တည်ဆောက်ထားတဲ့ လူနေမှုဘဝများ မပျက်စီးအောင် ကာကွယ်ပေးရန်လည်း အရေးတကြီး လိုအပ်နေပါတယ်ရှင်။ သို့ဖြစ်ပါ၍ ရပ်ကွက် (၄)ခု၊ အိမ်ထောင်စု (၁၅၁၈)၊ အိမ်ခြေ(၁၅၁၀)နှင့် လူဦးရေ(၇၇၉၂)ဖြင့် တည်ဆောက်ထားသော ပေါက်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသော ရပ်ကွက်များအတွင်း ရေလျှံမှု ခံနေရခြင်းကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နှင့် ယခုနှစ် မိုးလယ်ရာသီအမီ အရေးပေါ်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြရင်း မေးခွန်းမေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဦးတင်နွယ်ဦး ( ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို အဖွဲ့ဝင်ငွေရရှိမှုနှင့် ထောက်ပံ့ငွေရရှိမှုအပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပေါက်မြို့ပေါ်တွင် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောင်တံခွန်ရပ်ကွက် ဆင်ဇာချောင်းပေါ်ရှိ အမှတ်(၂)တံတားအနီး ချောင်းရေလျှံတက်နိုင်မည့် နေရာတွင် ကျောက်ရိုးစီမြေထိန်းနံရံ(၁)ခု ဆောင်ရွက်ခြင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တပင်ရွှေထီးလမ်းနှင့် ဒေါ်ထပ်ကြီးလမ်းတို့၌ အုတ်ရေမြောင်း (၂၆၅၀)ပေ၊ ကွန်ကရစ်မြောင်းဖုံး (၃၀၀)ပေနှင့် ကွန်ကရစ်တံတား(၈)စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် (မီနီဘတ်ဂျက်)တွင် ဒေါ်ထပ်ကြီးလမ်း အုတ်ရေမြောင်း(၃၅၀)ပေနှင့် ကွန်ကရစ်တံတား (၃)စင်း ဆောင်ရွက်ပေးခဲ့ ပါသည်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် မီနီဘတ်ဟိုးဝယ်ယူရန် လျာထားပြီးဖြစ်ရာ ဝယ်ယူပြီးစီးပါက ပေါက်မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် လိုအပ်သည့်နေရာများတွင် မြေသားမြောင်းတူးဖော်ခြင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့တွင်းလမ်းများတစ်လျှောက် ရေးစီးရေလာကောင်းမွန်ရေး အတွက် အောက်ဖော်ပြပါအတိုင်း (၄)နှစ် စီမံကိန်း ရေးဆွဲလျာထားပြီးဖြစ်ပါသည် –

(က) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အုတ်ရေမြောင်း (၂၉၃၅)ပေ နှင့် Box Culvert (၈)စင်း ဆောင်ရွက်ရန်

(ခ) ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အုတ်ရေမြောင်း (၁၅၃၂)ပေ နှင့် Box Culvert (၄)စင်း ဆောင်ရွက်ရန်

(ဂ ) ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အုတ်ရေမြောင်း (၂၆၃၅)ပေ နှင့် Box Culvert (၂)စင်း ဆောင်ရွက်ရန်

(ဃ) ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အုတ်ရေမြောင်း (၂၅၉၀)ပေ နှင့် Box Culvert (၈)စင်း ဆောင်ရွက်ရန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်တွင် မိုးတွင်းအခါ ရပ်ကွက်များအတွင်း ရေလျှံမှု ခံနေရခြင်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ (၄)ကြိမ်တိုင်တိုင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့သည် အထက်ဘက်တွင် ဆင်ဇာချောင်း၊ ကျားသိုက်ချောင်းနှင့် မြောက်ဘက်တွင်ပေါက်ချောင်း စသည့်ချောင်း(၃)ချောင်း ဝန်းရံနေသော မြို့တစ်မြို့ဖြစ်ပါသည်။ ပုံတောင်တန်းတစ်ဝိုက် သည်းထန်စွာ မိုးရွာသွန်းသည့်အချိန်တွင် ၎င်းချောင်းများအတွင်း စီးဝင်သည့် ရေပမာဏ များပြားခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပေါက်မြို့၏ ရပ်ကွက် (၂)ခုရှိ လူနေအိမ်ခြေ (၄၀၀)ကျော်ခန့် ရေလွှမ်းမှု ခံခဲ့ရပါသည်။ မြို့ရေလွှမ်းမှုဖြစ်စဉ်မှာ ဆင်ဇာချောင်းရေကြောင့် အများဆုံးဖြစ်ပါသည်။ ကျားသိုက်ချောင်းနှင့်ဆင်ဇာချောင်းမှ စီးဝင်လာသောရေများသည် ပေါက်မြို့အလယ်မှ ဖြတ်သန်းပြီး ပေါက်ချောင်းအတွင်းသို့ ပေါင်းစပ်စီးဝင်ခဲ့ပါသည်။ ပေါက်မြို့တွင် ရေကြီးရေလျှံဖြစ်ရခြင်းမှာ ချောင်းရေလမ်းကြောင်း ကျဉ်းမြောင်းလာခြင်း၊ ကြမ်းပြင် မြင့်တက်လာခြင်း၊ ချောင်းဧရိယာအတွင်း စွန့်ပစ်အမှိုက်များ များပြားလာပြီး ရေစီးအဟန့်အတား ဖြစ်စေခြင်း၊ စိုက်ပျိုးမြေ ချဲ့ထွင်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပေါက်မြို့ ရေကြီးရေလျှံမှုအား အရေးပေါ်ကာကွယ်ရေးအဖြစ် ရေလမ်းကြောင်း တူးဖော်ခြင်းနှင့် ကမ်းထိန်းနံရံများ တည်ဆောက်ရန် အမှန်တကယ် လိုအပ်ပါသည်။ ပေါက်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် လူနေအိမ်ခြေများ ရေလွှမ်းမိုးမှု ကင်းဝေးစေရေးအတွက် ရေရှည်အစီအမံအဖြစ် အလျား (၄၅၀၀)ပေ ရေလမ်းကြောင်းတူးဖော်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများနှင့် ပူးပေါင်း၍ မူလချောင်းမြေနယ်နိမိတ်ကို ပြန်လည်စိစစ်ပြီး ယင်းရလဒ်ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ပေးသင့်ပါသည်။

ပေါက်မြို့၌ ချောင်းရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ၂၀၁၈ – ၂၀၁၉ (အောက်တိုဘာ– စက်တင်ဘာ)ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေတွင် လျာထားပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် လတ်တလော ရေလမ်းကြောင်းချဲ့ခြင်းနှင့် စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းအတွက် အနည်းဆုံး ရန်ပုံငွေကျပ်သန်း (၁၀၀.၀၀) လိုအပ်ပါသဖြင့် ရန်ပုံငွေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြ သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသိန်းလှ ( ရေနံချောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် – ၂)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်မဲဆန္ဒယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ရန်

ကျန်ရှိ နေသည့် တစ်နှစ်ခွဲကာလအတွင်း မြို့နယ်များတွင်ရှိသော တိုင်စာများ ကြန့်ကြာနေမှုတွေ မရှိအောင် မည်ကဲ့သို့ လုပ်ဆောင်နေသည်ကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှာ တိုင်စာများ ကြန့်ကြာနေတာကို တွေ့ရှိနေရပါတယ်။ ဥပမာအနေနှင့် ကျွန်တော်တို့ ရေနံချောင်းမြို့နယ်တွင် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ သစ်ဖြူပင်ကျေးရွာနှင့် နတ်ကန်ဦးကျေးရွာ မြေနုခွဲဝေမှုနှင့် ပင်းဝကျွန်းကျေးရွာအုပ်စု၊ ရွာသစ်ကလေးကျေးရွာနှင့် ညောင်ပင်သာကျေးရွာ မြေနုကျွန်းခွဲဝေမှုအပြင် ရွှေကြာငုံရပ်၊ အိမ်ဝိုင်းမြေအငြင်းပွားမှုများသည် (၄)နှစ်၊ (၅)နှစ်မပြီးပြတ်ဘဲ ကြန့်ကြာနေတာ တွေ့ရပါတယ်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်(၁၈.၃.၂၀၁၉)ရက်နေ့မှ (၁၉.၃.၂၀၁၉)ရက်နေ့အထိ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ခရီးစဉ်အတွင်းမှာ ကြားခဲ့သည့် လမ်းညွှန်ချက်များ အမှုမပြီးပြတ်သော လယ်ယာမြေအမှုတွဲများအား အမြန်ပြီးပြတ်စေရေးအတွက် သက်ဆိုင်ရာဒေသရှိ အထွေထွေအုပ်ချုပ်ရေးအဆင့်ဆင့်မှ တစ်ပတ်တစ်ကြိမ် အချိန်ပေးပြီး ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ (၁၄.၃.၂၀၁၉)နေ့မှ (၁၅.၃.၂၀၁၉)နေ့အထိ ပဲခူးတိုင်းဒေသကြီးခရီးစဉ်တွင် မှာကြားခဲ့သည့်လမ်းညွှန်ချက်မှာ ယနေ့အချိန်သည် ပညာသင်၊ ပညာပေးရမည့် အချိန်ကာလမဟုတ်တော့ဘဲ အလုပ်လုပ်ရမည့်အချိန်တွင် တာဝန်ကျေပွန်မှု မရှိပါက ဥပဒေနှင့်ညီညွတ်မှု မရှိပါက အရေးယူမည့်အချိန် ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုကြရန်ဟု ပါရှိပါသည်။ နစ်နာသူဒေသခံများအတွက် အားကိုးရာဌာန၊ အားကိုးရာအစိုးရအဖြစ် ရပ်တည်ဆောင်ရွက်သွားရမည်ကို အထူးသတိပြုရန်ဟု လမ်းညွှန်မှာကြားခဲ့ပါတယ်။

သို့ပါသောကြောင့် မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့နယ်များတွင်ရှိသော တိုင်စာများ ကြန့်ကြာနေမှုများ မရှိအောင် မည်ကဲ့သို့လုပ်ဆောင်နေသည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် သက်ဆိုင်သည့်တိုင်စာများကို တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့လည်းကောင်း၊ လယ်ယာမြေကိစ္စတိုင်စာများအား တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လည်းကောင်း၊ အခြားတိုင်စာများအား တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးများသို့ ချပြစိစစ်ဆောင်ရွက်စေပြီး တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ စနစ်တကျစစ်ဆေးဆောင်ရွက်စေခြင်းဖြင့် သတ်မှတ်ရက်အရောက် တင်ပြစေလျက်ရှိပါသည်။ အချို့တိုင်စာများမှာ တိုင်ကြားသူများ/ သက်သေများ ခရီးလွန်နေခြင်း၊ တိုင်ကြားစာပါ အကြောင်းအရာများနှင့်ပတ်သက်၍ သက်သေအများအပြား စိစစ်ရခြင်း၊ သက်သေအထောက်အထား စာရွက်စာတမ်းများ ရှာဖွေစုဆောင်းရခြင်းတို့ကြောင့် ကြန့်ကြာမှုရှိနေခြင်းများအား ကြားဖြတ်အစီရင်ခံစာများ ပြန်လည်တင်ပြလျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ သစ်ဖြူပင်ကျေးရွာနှင့်နတ်ကန်ဦးကျေးရွာမြေနုခွဲဝေမှုနှင့်ပတ်သက်၍(၂၅.၃.၂၀၁၉)ရက်နေ့တွင် အုတ်ရှစ်ကုန်းကျေးရွာ

အုပ်စု၊ ကွင်းအမှတ်(၃၀၊နတ်ကန်ဦးအရှေ့ကွင်း)နှင့် ကွင်းအမှတ် (၃၀/ ၂၉၂၁၊ နတ်ကန်ဦးအနောက်ကွင်း) အတွင်းရှိ ပင်းချောင်းအတွင်း ချောင်းသဲသောင်ပြင်အား နတ်ကန်ဦးကျေးရွာနှင့် သစ်ဖြူပင်ကျေးရွာမှ တောင်သူများ ဆောင်းရာသီတွင် ကြက်သွန်စိုက်ပျိုးရန် ခွဲဝေလုပ်ကိုင်ခဲ့ရာ ၁၉၉၉ ခုနှစ်တွင် (၂)ရွာကြား လုပ်ပိုင်ခွင့် နယ်ခြားလိုင်း သတ်မှတ်ပေးသည့်အတိုင်း (၁၅)နှစ်ခန့် (၂)ဖက် ကျေးရွာတောင်သူများ လိုက်နာ ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၅ – ၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီတွင် သစ်ဖြူပင်ကျေးရွာရှိ တောင်သူများမှ ရွာ(၂)ရွာ သဘောတူညီမှုဖြင့် ယခင်က အတည်ပြုခဲ့သော နယ်နိမိတ်လိုင်း၏ အရှေ့ဘက်သို့ ကျူးကျော် စိုက်ပျိုးသဖြင့် စတင်အငြင်းပွားမှုဖြစ်ပွားခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ယခင်သဘောတူညီခဲ့ သောလိုင်းအတိုင်း စိုက်ပျိုးလုပ်ကိုင်ရန်ဆုံးဖြတ်ပေးခဲ့သော်လည်း သစ်ဖြူပင်ကျေးရွာမှ လိုက်နာမှုမရှိသဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ သစ်ဖြူပင်ကျေးရွာမှ ဦးဆောင်သူတို့အား တရားစွဲဆိုဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် ကိုက်ညီမှုမရှိသဖြင့် တရားစွဲဆိုမှုကို ပလပ်ခဲ့သော ဖြစ်စဉ်ရှိခဲ့ဖူးပါသည်။

၂၀၁၇ – ၂၀၁၈ ခုနှစ် နှင့် ၂၀၁၈ – ၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတို့တွင်လည်း အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပွား၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင့်လွင်၊ ဦးသိန်းလှ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရပ်ကွက်/ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ (၂)ဖက် အငြင်း ပွားသူ ကျေးရွာတာဝန်ခံတို့အား ပြေလည်ရေးအတွက် အကြိမ်ကြိမ် ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသော်လည်း (၂)ဖက်ကျေးရွာ တာဝန်ခံတို့မှ လိုက်လျောမှု မရှိ၍ ဖြေရှင်းဆောင်ရွက်ရာတွင် ပြေလည်မှုမရှိဘဲ ကြန့်ကြာ နေခြင်းဖြစ်ပါသည်။ အဆိုပါတိုင်ကြားစာနှင့်ပတ်သက်၍ ယခုနွေရာသီအချိန်တွင် စိုက်ပျိုးပြီး သီးနှံများကို စိုက်ပျိုးသူမှ သီးနှံရိတ်သိမ်းစေပြီး လာမည့်နှစ်တွင် စိုက်ပျိုးရာသီမတိုင်မီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ ကြိုတင်စီမံဆောင်ရွက်သွားသင့်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အစည်းအဝေးဆုံးဖြတ်ချက် ကို (၂၄.၅.၂၀၁၉)ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြထားရှိခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာအုပ်စု၊ ရွာသစ်ကလေး ကျေးရွာနှင့် ညောင်ပင်သာကျေးရွာ မြေနုကျွန်းခွဲဝေမှုနှင့်ပတ်သက်၍ ကွင်းအမှတ်(၈–က) ရွာသစ်ကလေး ကွင်းရှိ မြေနုကျွန်းနှင့်ပတ်သက်ပြီး ဦးထိန်လင်းပါ(၄)ဦး၏ တင်ပြစာနှင့်ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၂.၅.၂၀၁၈)ရက်စွဲပါစာအမှတ် ၃/ ၆–၂၉(စမဆ) (၁၁၁)/ ဦး ၆ ဖြင့် စိစစ်တင်ပြရန် အကြောင်းကြားထားရှိမှုအပေါ် စစ်ဆေးဆောင်ရွက်မှုအား (၁၅.၆.၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၉/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် (၁)အရ “**၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ၂၀၁၂ ခုနှစ် လယ်ယာမြေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း”** ဟု ဆုံးဖြတ်ထားရှိမှုကို (၁၈.၆.၂၀၁၉)ရက်စွဲပါစာအမှတ် ၄/၁–၁၅(၄၁၇၇)/ ဦး ၁ ဖြင့် လည်းကောင်း၊ အဆိုပါရွာသစ်ကလေးကွင်းအမှတ်(၈–က)ရှိ မြေနုကျွန်းနှင့်ပတ်သက်ပြီး ဦးမြဝင်းပါ(၆)ဦး၏ တိုင်ကြားစာ နှင့်ပတ်သက်၍လည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်တင်ပြရန် (၃၁. ၇.၂၀၁၈)ရက်စွဲပါစာ အမှတ်၊ ၃/ ၆ – ၂၀ (စမဆ)(၁၁၁)/ဦး ၆ ဖြင့် အကြောင်းကြားထားရှိမှုအား စိစစ်၍ “**၂၀၁၈–၂၀၁၉ ခုနှစ် တွင် ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** (၂၁.၈. ၂၀၁၈) ရက်စွဲပါစာအမှတ် ၄/ ၁ – ၁၅ (၁၆၉)/ ဦး ၁ ဖြင့်လည်းကောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလာပါသည်။ ယင်းအကြံပြုတင်ပြချက်အတိုင်း ဆောင်ရွက်ရန် ရေနံချောင်းမြို့နယ်သို့ အကြောင်း

ကြားရာ ရေနံချောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ပေါ်ထွန်းမြေနုကျွန်း (၂၂၀)ကေ ရှိသည့်အနက် ညောင်ပင်သာကျေးရွာအား (၁၄၂.၉၂)ကေနှင့် ရွာသစ်ကလေးကျေးရွာအား (၇၇.၀၈)ကေတို့အား နယ်နိမိတ်ခွဲခြားသတ်မှတ်ချထားပေးသင့်ပါကြောင်း တင်ပြလာသဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၁.၂.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၃/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ်(၁၂)အရ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ပေါ်ထွန်းသည့် မြေနုကျွန်း(၂၂၀)ကေကို ညောင်ပင်သာကျေးရွာအား (၁၄၂.၉၂) ကေနှင့် ရွာသစ်ကလေးကျေးရွာအား (၇၇.၀၈)ကေ ခွဲဝေပေးသင့်ပါကြောင်း (၅.၃.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၄/၁– ၁၄/ ဦး ၁(၀၃၈၂)ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလာပါသဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၉.၃.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၃/ ဖ– ၂၉(စမဆ) (၇၉)/ဦး ဖ ဖြင့် မကွေးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားအကြံပြုချက်အတိုင်း ဆောင်ရွက်ရန် အကြောင်းကြားလာသဖြင့် (၁၀.၄.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ပင်းဝကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်ကြားသူ ဦးထိန်လင်းပါ(၄)ဦးအား **၂၀၁၈ – ၂၀၁၉ ခုနှစ် ပေါ်ထွန်းသည့် မြေနုကျွန်း(၂၂၀)ကေကို ညောင်ပင်သာကျေးရွာမှ (၁၄၂.၉၂)ကေ၊ ရွာသစ်ကလေးကျေးရွာမှ(၇၇.၀၈) ကေလုပ်ကိုင်ဆောင်ရွက်ရန်** ချပြရှင်းလင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ချပြရှင်းလင်းဆောင်ရွက်ပြီး သော်လည်း ဦးထိန်လင်းမှထပ်မံတင်ပြလာသဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၈.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၃/ ဖ – ၂၉ (စမဆ) (၈၀) /ဦး ဖ ဖြင့် မကွေးခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ဆောင်ရွက်ရန် ထပ်မံအကြောင်းကြားလာသဖြင့် ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ခွဲဝေသတ်မှတ်ထားသော နယ်နိမိတ်မှတ်တိုင် စိုက်ထူ၍ သတ်မှတ်ပေးရန် အကြောင်းကြားခဲ့ရာ ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ပင်းဝကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ မြေနုကျွန်းနယ်နိမိတ်အမှတ်အသား ပြသပေးရန်နှင့် နယ်ခြားမှတ်တိုင် စိုက်ထူပေးရန် ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း ပြန်လည်တင်ပြလာသဖြင့် **"စိုက်ပျိုးရာသီမတိုင်မီ အမြန်ပြီးပြတ်ရေး ဆောင်ရွက်ရန်"** ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ထပ်မံအကြောင်းကြားခဲ့ပါသည်။ ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် (၁၁.၆.၂၀၁၉)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပင်းဝလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့နှင့်အတူ ညောင်ပင်သာကျေးရွာနှင့် ရွာသစ်ကလေးကျေးရွာမှ ရွာခွဲတာဝန်ခံများ၏ရှေ့တွင် မြေနုကျွန်းပေါ်ထွန်းသည့် (၂၂၀)ကေအနက် ညောင်ပင်သာကျေးရွာအား (၁၄၂.၉၂)ကေနှင့် ရွာသစ်ကလေးကျေးရွာအား (၇၇.၀၈)ကေတို့၏ နယ်နိမိတ်အမှတ်အသားပြသပြီး ယာယီမှတ်တိုင်(ဝါးလုံး)များဖြင့် (၅)တိုင် စိုက်ထူပေးခဲ့ကြောင်းနှင့် ယင်းယာယီနယ်ခြားမှတ်တိုင်များကို ညောင်ပင်သာကျေးရွာမှ ဦးထိန်လင်းနှင့် အဖွဲ့မှ နှုတ်ယူဖယ်ရှားခဲ့သဖြင့် ယနေ့အထိ ရွာသစ်ကလေးကျေးရွာမှ စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိပါကြောင်းနှင့် ပေါ်ထွန်းမြေနုကျွန်းကိစ္စအား အဆင့်ဆင့်တင်ပြ၍ အတည်ပြုချက်ဖြင့် ညောင်ပင်သာရွာနှင့် ရွာသစ်ကလေးကျေးရွာတို့အား ပေါ်ထွန်းသည့် မြေနုကျွန်းခွဲဝေ သတ်မှတ်ပေးခဲ့ပြီး ဖြစ်သော်လည်း ညောင်ပင်သာကျေးရွာမှ ခွဲဝေပေးမှုကို လက်မခံသည့်အတွက် ကြန့်ကြာရခြင်းဖြစ်ပါကြောင်း တင်ပြထား ရှိပါသည်။

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ ရွှေကြာငုံရပ်ကွက်၊ ရွှေကြာငုံရပ်နေ ဦးသံချောင်းနှင့် တစ်ရပ်ကွက်တည်းနေ ဒေါ်အေးအေးဖြူတို့၏ ထိစပ်နေသော ဝိုင်းမြေများမှ အဆောက်အဦသစ် ဆောက်လုပ်ရန်အတွက် ပုဂ္ဂလိက အငြိုးအတေးအမုန်းများနှင့် ခွင့်ပြုချက်ရရန် ထောက်ခံမပေးဘဲ တားမြစ် ကန့်ကွက်နေခြင်းကိစ္စအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးတို့မှ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ တစ်ဖက်ပုဂ္ဂိုလ် ဦးခင်ကျော်ညွန့်နှင့်ဇနီး ဒေါ်အေးအေးဖြူတို့သည် အခြားမြို့သို့ သွားရောက် ခရီးလွန်နေပါသဖြင့် ထပ်မံတွေ့ဆုံနိုင်မည့် ရက်တစ်ရက် သတ်မှတ်၍ နှစ်ဦးနှစ်ဖက် ပြဿနာမဖြစ်ပွားစေရေး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်စာများ ကြန့်ကြာမှုမရှိအောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင်မောင်ဦး ( ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ် – ၁ )။** ။ မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းအစိုးရဝန်ကြီးများနှင့် တိုင်းလွှတ်တော် ဝန်ထမ်းအပေါင်းတို့ခင်ဗျာ။ ကျွန်တော်ကတော့ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကျွန်တော်တင်ပြတောင်းဆိုရမှာကတော့ ဆင်ပေါင်ဝဲမြို့နယ်၊ ရောဝတီမြစ်၏ အနောက်ဘက်ကမ်း လက်ခွံငူအုပ်စု၊ မိုးနတ်ကုန်းကျေးရွာတွင် ရွာ၏အရှေ့ဘက်၌ (၁)ကန်၊ တောင်ဘက်တွင် (၁)ကန်၊ မြောက်ဘက်၌ (၁)ကန် စုစုပေါင်း(၃)ကန် တည်ရှိပါသည်။ နှစ်ကာလကြာမြင့်လာသောကြောင့် ကန်အတွင်းရှိ နုံးများပို့၍ ရေခမ်းခြောက်သော တိမ်ကောစပြုနေပြီ ဖြစ်ပါသည်။ ကန်များ ရေအားကောင်းလာပါက မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများဖြစ်သော ငရုတ်၊ ကြက်သွန်များကိုလည်း စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ နှစ်စဉ်နွေစပါးကို ဧက(၃၀)ခန့် ရွာဘေးရှိ မြောက်အင်းနှင့် အရှေ့ဘက်ကန်တို့ကို အမှီပြု၍ ပုံမှန်စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်များ၏ပတ်လည်တွင် ရေတွင်းများ တည်ရှိပြီး ၎င်းရေတွင်းများမှ ရေကို ကျေးရွာပြည်သူများမှ မှီဝဲအသုံးပြုနေကြပါသည်။ အင်းကန်များတွင် ရေရှိနေမှသာလျှင် ရေတွင်းများ၌ ရေပေါ်ပြီး အင်းကန်များတွင် ရေခမ်းခြောက်သွားပါက ရေတွင်းများ၌လည်း ရေလုံးဝမထွက်တော့သည့် အနေအထားသို့ ရောက်ရှိသွားပါသည်။ သို့ဖြစ်ပါ၍ ရေလုံလောက်စွာရရှိပါက စိုက်ပျိုးမြေတိုးချဲ့နိုင်ပြီး ကျေးရွာလူထု၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။ ရေမလုံလောက်ခြင်းကြောင့် လွန်ခဲ့သောနှစ်က ရွာ၏(၂)ပုံခန့် မီးဆိုးရွားမှုဒဏ်ကို ခံခဲ့ရသည်မှာ ယနေ့တိုင် မမေ့နိုင်ပါ။ ထို့ကြောင့် တိမ်ကောနေသော အင်းကန်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် ကျေးရွာလူထုမှ အစဉ်တောင်းတ ဆန္ဒရှိလျက်ရှိပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာ၏ဓါတ်ပုံများနှင့် ရေတွင်းရေကန်၊ အင်းကန်များ မှတ်တမ်းဓါတ်ပုံများကိုလည်း ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။ သို့ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုအပ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသော လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ စိတ္တသုခ၊ ကာယသုခအပေါင်းနှင့် ပြည့်စုံပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ရှိပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ ဆင်ပေါင်ဝဲမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်ဦးစီးမှူးမှ(၂၂.၆.၂၀၁၉)ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ မိုးနတ်ကုန်းကျေးရွာတွင် လက်ရှိအိမ်ခြေ(၁၉၆)အိမ်၊ လူဦးရေ(၆၉၄)ဦးရှိပြီး လက်ရှိရေသုံးစွဲမှု အခြေအနေဖြင့် မြေသားရေကန်(၁)ကန်နှင့် ကျေးရွာအတွင်း/ ပြင် စုစုပေါင်း လက်တူးတွင်း(၉)တွင်းရှိပြီး အကျယ်(၄' Ø)၊ အနက်ပေ(၁၄')၊ ရေနေပေမှာ ၅' မှ၉')အထိရှိပါသည်။ အဆိုပါ လက်တူးတွင်း(၉)တွင်း အနက်မှ လက်တူးတွင်း(၁)တွင်းမှာ ကျေးရွာနှင့်(၀/၃)မိုင်အကွာ ကျေးရွာ၏ အနောက်ဘက်ရထားသံလမ်းဘေးတွင်ရှိ၍ အကျယ် (၄' Ø)၊ အနက်ပေ(၇')၊ ရေနေပေမှာ (၄'-၆") ရှိပြီး နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ရေပြတ်လပ်မှုမရှိဘဲ အင်ဂျင်/ ပန့်ဖြင့် ရေရယူသုံးစွဲနိုင်ပါသည်။ မြေသားရေကန်၏ အကျယ်မှာ (၂၅၀'x ၄၀၀'x ၄-၆") ရှိပြီး ရေလုံလောက်မှုရှိပါသည်။

သို့ပါ၍ မြေသားရေကန် (၃)ကန်အနက် ဖော်ပြပါ (၁)ကန်ကိုသာ သောက်သုံးရေ ရယူသုံးစွဲလျက်ရှိပြီး ကျန်ရှိသည့်(၂)ကန်မှာ အင်းအဖြစ်သုံး စွဲလျက်လျက်ရှိပါကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သောက်သုံးရေရရှိရေးကိုသာ ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးမြေတိုးချဲ့နိုင်ရန်အတွက် တိမ်ကောနေသော အင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေရရှိရေး ဦးစားပေးအလိုက်ထည့်သွင်းလျာထား၍ ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးဝင်း ( ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းဆွေးနွေးချင်တာကတော့ မြောင်းကြီးရွာ၊ တောင်ချောက်ရွာ ရေလွှဲဆည်ပြုလုပ်ပေးရန်နှင့် ရေသွင်းမြောင်းဖောက်လုပ်ပေးရန် ဆည်မြောင်းဌာနမှ မြေနေရာ ရွေးချယ်ဆောက်လုပ်ပေးရန် မေးမြန်းသွားမှာဖြစ်ပါတယ်။

**လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-**

မြောင်းကြီးကျေးရွာဟာ ဦးနှောက်ကျေးရွာအုပ်စုအတွင်းမှ ရွာတစ်ရွာဖြစ်ပြီး အိမ်ထောင်စု (၇၀) ကျော်နေထိုင်ပါတယ်။ ယခု ရေလွှဲဆည်တည်ဆောက်ပြီးပါက ယခင်ပုံမှန်စိုက်နေသော ဧက(၁၀၀)အပြင် နောက်ထပ် ဧက(၁၀၀)ကျော်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ မြေအုတ်နေရာမှာ ကျောက်အုတ်အစားပြီးသကဲ့သို့

သစ်ခက်ရေလွှဲဆည်နေရာမှာ ကွန်ကရစ်ရေလွှဲဆည်အစားထိုးဆောက်လုပ်ပေးရန် တင်ပြလာသော ပြည်သူ့အသံ အမှန်တကယ်လိုအပ်ချက်ကို တင်ပြဆွေးနွေးတာဖြစ်ပါတယ်။

**လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-**

ယခုဆွေးနွေးချက်ပါ ရေလွှဲဆည်ငယ်က အမှန်တကယ် တည်ဆောက်ပေးသင့်ပြီး ၎င်းဆည်မျိုး တည်ဆောက်ပေးခြင်းဖြင့် သစ်ပင်၊ သစ်တော ခုတ်ယူသုံးစွဲမှု တစ်ဖြေးဖြေးချင်း လျော့နည်းသွားမှာဖြစ်ပါတယ်။ ချောင်းအတွင်းမှရေကို မြှင့်တင်ပေးပြီး ယူတဲ့အတွက် ရေစုတ်စက်ဖြင့် တင်စရာမလို၍ စိုက်ပျိုးသူများ ငွေကုန်သက်သာစေမှာပါ။ အကျိုးများသော တည်ဆောက်ပေးမှုတစ်ခုပါ။ ရေလွှဲဆည်များ တည်ဆောက်ရန် သက်ဆိုင်ရာဆည်မြောင်းပညာရှင်များ၏ ဒီဇိုင်းနှင့် နေရာရွေးချယ်တည်ဆောက်မှုများကို သက်ဆိုင်ရာဌာနကို အားကိုးရမှာဖြစ်ပါတယ်။ မြေအနိမ့်အမြင့်ကို ကျွမ်းကျင်သူပညာရှင်များ၏ အကူအညီ ယူပြီး ကွင်းဆင်းတိုင်းတာမှုများပြုလုပ်ရမှာဖြစ်ပါတယ်။

**လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-**

ယခု ရေလွှဲဆည်ဆောက်လုပ်မည့် မြောင်းကြီးတောင်ချောက်ဟာ မိုးရာသီမှာ ချောင်းရေမပြတ် စီးဆင်းနေခြင်းက စိုက်ပျိုးရေရရှိမှုအတွက် အခွင့်ကောင်းတစ်ခုဖြစ်ပါတယ်။ မိုးရာသီမှ ဆောင်းရာသီ တပိုတွဲ၊ တပေါင်းအထိ ရေအမြဲစီးဆင်းခြင်းဟာ ရေကိုမြှင့်တင်ဖို့ အချိန်အကြာကြီးရနိုင်၍ စိုက်ပျိုးမည့် သီးနှံများကို ရေသွင်းစိုက်ပျိုးနိုင်ရန် အခွင့်ကောင်းတစ်ခုပါ။ ယခု ရေလွှဲဆည်မျိုး တည်ဆောက်ပေးခြင်း ဖြင့် သစ်ပင်ပြုန်းတီးမှု လျှော့ချခြင်းဟာ မိုးရွာသွန်းမှုကို ဖိတ်ခေါ်ပေးခြင်းဖြစ်ပါတယ်။ သစ်ပင်ပေါ်များ ထူထပ်စွာရှိလာပါက ရာသီဥတုအပူကိုလျော့နည်းစေပြီး မိုးရွာသွန်းမှုအကြိမ်ရေ ပိုမိုများပြားလာစေမှာပါ။ သို့ပါသောကြောင့် တောင်ချောက်ရေလွှဲဆည်ပြုလုပ်ပေးရန်နှင့် ရေသွင်းမြောက် ဖောက်လုပ်ပေးရန်အတွက် ဆည်မြောင်းဌာနမှ နေရာရွေးချယ်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။ တောင်ချောက်ရေလွှဲဆည်သည် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၊ ဦးနှောက်ကျေးရွာအုပ်စု၊ မြောင်းကြီးကျေးရွာအနီးတွင် တည်ရှိပါသည်။ ရေသောက်တောင်သူများမှ ကိုယ်ထူကိုယ်ထလုပ်အားဖြင့် မြောင်းကြီးချောင်းအား(၃) နေရာခွဲ၍ သစ်ခက်ရေလွှဲဆည်များပြုလုပ်ပြီး စိုက်ဧက(၁၀၀)အား စိုက်ပျိုးရေရယူသုံးစွဲကြကြောင်း သိရှိရပါသည်။

ယခုအခါ အဆိုပါသစ်ခက်ဆည်မှာ ပျက်စီးလျက်ရှိပြီး စိုက်ပျိုးရေအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိနေပါသဖြင့် ၎င်းသစ်ခက်ရေလွှဲဆည်နေရာတွင် ကွန်ကရစ်ရေလွှဲဆည် အစားထိုး ဆောက်လုပ်ပေးပါက ယခင်ပုံမှန်စိုက်နေကျဧက(၁၀၀)အပြင် ထပ်မံ၍ဧက(၁၀၀)ကျော် ထပ်တိုးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ပါ၍ တောင်ချောက်ရေလွှဲဆည်နှင့် ရေသွင်းမြောင်းဖောက်လုပ်ပေးနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြေပြင်အခြေအနေအား အသေးစိတ်ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး ဆောင်ရွက်ရန် သင့်လျော်မှုရှိပါက (၂၀၂၀ - ၂၀၂၁) ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။